# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပေါင်းလကွယ် ၊ သောကြာနေ့ ၊ (28-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်သော စစ်ကြောင်းကြီးများက စစ်ကြောင်းပုံဖြင့် ညီညာစွာချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြစဉ်။

**နေပြည်တော် မတ် ၂၇**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက် ယနေ့တွင် ကျရောက်သည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ 




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၂၈ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံတော်တည်ဆောက်ရေး ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာတတ်မြောက်မှု၊ အရည်အသွေးမြင့်မားမှုအပေါ်တွင် တည်မှီနေပေသည်။ အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်မှသာ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကောင်းမွန်စွာဆောင်ရွက်နိုင်ပြီး ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာအောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ရာတွင် ပညာရေးဝန်းကျင်ကောင်းများ၊ မိဘနှင့် ဆရာကောင်းများရှိရန် လိုပေသည်။ ပညာရေးဝန်းကျင်ကောင်းများကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း တပည့်များ ပညာထူးချွန်ရေးသာမက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသည့် နိုင်ငံ့အကျိုးသယ်ပိုးထမ်းဆောင်မည့်သားကောင်းရတနာများဖြစ်ပေါ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပေသည်။

**"ဒါက ပညာရေးအပိုင်းပေါ့။ မဖြစ်မနေကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ပညာရေးအားနည်းတာလည်း မှန်ပါတယ်။ ပညာရေးအားနည်းတဲ့အတွက်ကြောင့် အစစအရာရာထိခိုက်စေတာကိုလည်း ငြင်းလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုရှိဖို့ လိုပါတယ်။ ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့လည်း ပညာရေးကိုအားပေးကြဖို့၊ ပညာရေး၊ သင်ကြားရေးနဲ့ပတ်သက်လာရင် အနှောင့်အယှက်မပေးကြဖို့၊ ကလေးတွေကို ပညာရေးလမ်းကြောင်းပေါ်မှာတင်ပြီးတော့မှ နိုင်ငံရဲ့တည်ဆောက်ရေး၊ ကျွန်တော်တို့သွားနေတဲ့ မျှော်မှန်းချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် လူသားအရင်းအမြစ်တွေအနေနဲ့ ကိုယ့်ကလေးတွေပါအောင်လို့ လုပ်ပေးကြဖို့လိုတယ်ဆိုတာလေးကျွန်တော်ပြောချင်ပါတယ်"** ဟု မတ် ၂၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏လူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သည်။ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်းရာခိုင်နှုန်းကိုခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာတတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက်နည်းပါးသည်ကို တွေ့ရပေသည်။ ပညာရေးအရ၊ အတတ်ပညာအရ အားနည်းမှုများဖြင့် နိုင်ငံတော်ကိုတည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ပေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်မြင့်မားလာအောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသည်။ သို့ဖြစ်ရာ ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးမြွေထိုး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးမြွေထိုးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိငြေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ တင်ပို့ရောင်းချခဲ့ရာ ဇန်နဝါရီလအတွင်းက ငါးမြွေထိုး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးမြွေထိုး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ရေထွက်ကုန်တွေကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးတွေတင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ တစ်လအတွင်း ငါးမြွေထိုး ပိဿာချိန် ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ငါးတွေကိုမှာယူအားကောင်းနေလို့ ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟုမော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိငြေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဒေသမှငါးများ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်




**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၅)ကို မတ် ၂၆ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများထိခိုက်လျော့နည်းမှုမရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးအတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ကာ ထိရောက်စွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုထားသည့်လုပ်ငန်းများကိုလည်း သတ်မှတ်ခွင့်ပြုထားသည့် နည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေပုဒ်မ - ၃၀ (က) (ခ) အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ကလေး မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၃၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ထောပတ်ပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ထောပတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၆၅ တင်းထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ထောပတ်ပဲ ၂၃၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ထောပတ်ပဲခင်းတွေကို အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ထောပတ်ပဲကို ဆောင်းမှာပဲ စိုက်ပျိုးကြတာပါ။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးကြသော တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သည့် နည်းပညာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး သီးနှံပိုးမွှားရောဂါကြိုတင် ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှုစသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် ထောပတ်ပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုနေကြသည့် စာဖြေသံဃာတော်များကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှုကြည်ညို



**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး အမှတ် (၂)(ဗ-ခ) မဟာအောင်မြေမြို့နယ် ဓမ္မာစရိယစာဖြေဌာန ပရိယတ္တိသာသနဟိတ အသင်းကြီးတွင် ၂၀၂၅ခုနှစ် အစိုးရ ဓမ္မာစရိယ စာမေးပွဲဖြေဆိုနေသည့် စာဖြေသံဃာတော်များအား မတ် ၂၆ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုကြည်ညိုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ဆရာတော်ကြီးများအားဖူးမြော်၍ ဩဝါဒများခံယူကာ စာဖြေခန်းများတွင် စာဖြေသံဃာတော်များ၊ သီလရှင်များ အေးချမ်းစွာဖြင့် စာဖြေဆိုနေမှုကိုလိုက်လံကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း အစိုးရဓမ္မာစရိယ စာမေးပွဲ စာဖြေဌာန ကိုးခုဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ဝင်ရောက်ဖြေဆိုမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များ စိတ်ချမ်းမြေ့စေရေး အလေးထား ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အစိုးရဓမ္မာစရိယစာဖြေဌာန ကိုးခု ဖွင့်လှစ်ထားရှိပြီး စာဖြေစာရင်းသွင်း ၄၄၄၂ ပါးရှိကြောင်း၊ ပါရာဇိကဏ်ဘာသာရပ်တွင် ၂၈၆၉ ပါး၊ သီလက္ခန်ဘာသာရပ်တွင် ၂၄၄၆ ပါး၊ ဓမ္မသင်္ဂဏီ ဘာသာရပ်တွင် ၂၁၉၂ ပါး၊ မြန်မာဂုဏ်ထူးတွင် ၃၀၃ ပါးနှင့်ပါဠိဂုဏ်ထူးတွင် အပါး ၁၁၀ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း၊ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို ဧပြီ ၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မတ် ၂၆ ရက် ညနေပိုင်းတွင် ရမ်ဇာန်လမြတ်ကာလ၌ ဥပုသ်ဆောက်တည်နေသော မဟာအောင်မြေမြို့နယ် ပန်းသေးဗလီရှိ အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများနှင့် အလှူငွေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ (အပြားကြီး) များဝယ်ယူမှု ကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် လက်ရှိ မတ်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ထောပတ်ပဲနီ (အပြားကြီး)များ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ (အပြားကြီး) ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ (အပြားကြီး) ဝယ်ယူမှု ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ (အပြားကြီး)က ပိုပြီးဝယ်ယူမှုကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီ(အပြားကြီး)တွေ ဝယ်ယူမှုကောင်းနေလို့ အရောင်း ကောင်းလာတာဖြစ်ပါတယ်။ ပြည်ပ ပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလို ဝယ်ယူမှုအားကောင်းလာတာဖြစ်ပါတယ်။ လက်ရှိထောပတ်ပဲနီ (အပြားကြီး)ကို စိုက်ပျိုးသူတွေနဲ့ ကုန်သည်တွေ ရောင်းအားကောင်းနေပါတယ်''ဟု ဟသ်ာတမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ် ကောင်းနေသည့် ထောပတ်ပဲနီ(အပြားကြီး) ၁၆ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၈၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖိုလ်တထောင်မြို့နယ်တွင် တပ်မတော်နေ့ ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်းရုံး၌ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဦးစိုးဦးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြပြီး မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟို(ယာယီ) ဦးခင်မောင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟို အတွင်းရေးမှူး (၁) ဦးရဲရင့်စိုးညွန့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညီညီ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်နှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်လင်း (ဆရာမောင်မြား)တို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့နှင့်ပတ်သက်သော ဂုဏ်ပြုစကားများ ပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ ဗိုလ်တထောင်မြို့နယ်သတင်းစာဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးဝေလင်းနှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသိန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၁၅၂)

# မိုင်းရှူးမြို့နယ် နားဖြတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး မတ် ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားဖြတ်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက ကျေးလက်နေပြည်သူများ ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံတို့က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နားဖြတ်ကျေးရွာရှိ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**မော်လိုက် မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၄၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ဧက ၈၀၀၊ တစ်ဧကလျှင် ၄၈ ဒသမ ၈၂ တင်းနှင့် ဖူးစားပြောင်း ၄၆၁၁ ဧက၊ တစ်ဧကလျှင် ပြောင်းဖူးရေ ၁၉၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၅၄၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစိုက် တောင်သူများအနေဖြင့် တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းနှင့်အစေ့ထုတ်ပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)



# အမိနိုင်ငံတော်အတွက် တာဝန်ကျေဖို့ စစ်မှုထမ်းကြစို့

**သန်းထွန်းဝင်း(အညာမြေ)**

**❖ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတစ်ယောက်၏အခွင့်အရေးများကို အတိအလင်းသတ်မှတ်ပြဋ္ဌာန်းထားသကဲ့သို့ လိုအပ်ပါက နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန်အတွက်လည်း ပြဋ္ဌာန်းထားသည်ကိုထင်ရှားစွာတွေ့ရှိရမည်ဖြစ်သည်။ အသက်အရွယ်အလိုက် အကျုံးဝင်သည့်နိုင်ငံသားများ စစ်မှုထမ်းဆောင်ရေးနှင့် စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်နှင့်ဆိုင်းငံ့ခွင့်များကိုလည်း ဥပဒေ၌ပြဋ္ဌာန်းထားရှိပါသည်။ သို့ဖြစ်၍ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ❖**

ဤကမ္ဘာရှိလူတိုင်းတွင် ၎င်းတို့ချစ်ရသည့်အရာများရှိကြသည်။ မိမိမွေးရပ်မြေသည် ထိုသူတို့အတွက် အဖိုးမဖြတ်နိုင်သည့် သဘာဝ၏တန်ဖိုးကြီးလက်ဆောင်တစ်ခုပင်ဖြစ်သည်။ အမိမြေသည် မိမိအိမ်၊ မိမိပုခက်။ အမိမြေသည် နှစ်ပေါင်းများစွာ မိမိတို့၏ ချစ်လှစွာသော ဘာသာစကားနှင့် မိခင်၏သီချင်းသံကို ကြားရသောနေရာဖြစ်သည်။ အမိနိုင်ငံရှိလျှင် အသက်နှင့် ယုံကြည်ခြင်း နှစ်မျိုးစလုံး တည်ရှိရမည်ဖြစ်သည်။ ထိုသို့ တည်ရှိနေရန်လည်း နိုင်ငံသားအားလုံး စွမ်းဆောင်ကာကွယ်ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသားအားလုံးအတွက် အမိမြေကို ကာကွယ်စောင့်ရှောက်ရမည့်အရာသည် မွန်မြတ်သည့် တာဝန်တစ်ရပ်ဖြစ်သည်။ မိမိတို့နိုင်ငံသည် ရှေးခေတ်ကာလကတည်းကပင် ရွာများ၊ မြို့များ၊ မြစ်များ၊ ချောင်းများ၊ ရေကန်များ၊ သစ်တောများနှင့် တောင်များရှိသည်။ ခေတ်အဆက်ဆက်မျိုးဆက်တို့၏ကာကွယ်စောင့်ရှောက်ခဲ့မှုကြောင့် အမိနိုင်ငံတော်ကြီး ယနေ့ထိတည်ရှိနေသည်။ အမြော်အမြင်ကြီးမားသည့် ဘိုးဘွားများ၊ ခေါင်းဆောင်များနှင့် မျိုးချစ်ပုဂ္ဂိုလ်တို့၏ကြိုးပမ်းမှုကြောင့် တိုင်းတစ်ပါးထံကျရောက်ခဲ့ရသည့် လွတ်လပ်ရေးကိုပြန်လည်ရယူနိုင်ခဲ့သည်။ ထိုသို့ရရှိခဲ့သော လွတ်လပ်ရေးကို နိုင်ငံတော်ချစ်မြတ်နိုးသည့် တိုင်းရင်းသားပြည်သူများနှင့်အတူ တပ်မတော်က ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မျက်မှောက်ခေတ် ကမ္ဘာ့ပထဝီနိုင်ငံရေးအခင်းအကျင်းကို ကြည့်မည်ဆိုပါက ပြည်ပမှ ကျူးကျော်တိုက်ခိုက်ခြင်းသာမက ပြည်သူအချင်းချင်းဖြစ်ပွားသည့် ထိုးနှက်တိုက်ခိုက်မှုများသည် နိုင်ငံတော်၏ အကျိုးစီးပွားကို အဘက်ဘက်မှ ယိုယွင်းထိခိုက်စေသည်။ ထိုကဲ့သို့သော အချင်းချင်းမသင့်မြတ်မှုများကို နိုင်ငံတော်အရေးထက် ကိုယ်ကျိုးကြည့်သည့် ပုဂ္ဂိုလ်များ၊ “ဘယ်သူသေသေ ငတေမာပြီးရော” ဟူသည့် အတ္တကြီးစိတ်၊ မလိုမုန်းထားစိတ်များဖြင့် လုပ်ဆောင်သောပြည်ပသွေးထိုးလှုံ့ဆော်မှုများကြောင့်ဖြစ်သည်ကို အထင်အရှားမြင်တွေ့ရသည်။ ၎င်းတို့သည် သက်ဆိုင်ရာနိုင်ငံများ၏ မျိုးချစ်စိတ်ဓာတ်များကို လျော့ပါးပျက်ယွင်းစေရန် ဦးစွာလုပ်ဆောင်ပြီး နိုင်ငံချစ်စိတ်နှင့်အတူ ကာကွယ်ရေးအင်အားများ လျော့နည်းချိန်တွင် ထိုးနှက်ခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။

**အစားထိုးမရသောအမိနိုင်ငံ**

မိမိတို့အမိနိုင်ငံသည် သဘာဝကပေးအပ်ထားသည့် ထူးခြား၊ ထင်ရှားသည့် အလှတရားများရှိနေသည်။ ၎င်းတွင် တိုင်းသူပြည်သားတို့ သာယာဝပြောစွာနေထိုင်ခွင့်ရရှိစေရန် သဘာဝသယံဇာတများနှင့်အတူ မြစ်များ၊ ချောင်းများ၊ ကန်များနှင့်သဘာဝတောတောင်များ တည်ရှိနေသည်။ ကြီးကျယ်ခမ်းနားသော တောင်တန်းများ၊ သန့်ရှင်းသော မြစ်များ၊ ဇာတိမြို့များနှင့်ကျေးရွာများသည် ထာဝရတည်ရှိရမည့် အလှတရားများဖြစ်သည်။ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် အခြားနိုင်ငံတွင် နိုင်ငံသားခံယူသည့်တိုင် မည်သည့်နိုင်ငံမျှ သင်၏မွေးရပ်ဇာတိဖြစ်လာလိမ့်မည် မဟုတ်ပေ။ ငွေကြေးချမ်းသာ၍ တိုင်းတစ်ပါး၌ နေထိုင်နေသည့်တိုင်၊ နိုင်ငံရပ်ခြားတွင် နေရာရှာကျက်စားနေနိုင်သည့်တိုင် မွေးရပ်မြေဖြစ်လာလိမ့်မည် မဟုတ်ပေ။ သို့ဖြစ်၍လည်း မွေးရာဇာတိအမိမြေဖြစ်သည့် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်သည် မြတ်နိုးတန်ဖိုးထားရမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

**စစ်မှန်သောမျိုးချစ်စိတ်**

တိုင်းပြည်အပေါ် နက်နက်နဲနဲချစ်မြတ်နိုးသော ချစ်ခြင်းမေတ္တာကို မျိုးချစ်စိတ်ဟုခေါ်သည်။ တိုင်းပြည်ကောင်းရန်နှင့်တိုးတက်ရန် အတတ်နိုင်ဆုံး ကြိုးစားသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ရုပ်ပိုင်းဆိုင်ရာ အလှကို မြတ်နိုးရုံသာမက တစ်ချိန်က တိုင်းပြည်ကို ချစ်မြတ်နိုးသော မျိုးချစ်စိတ်ဖြင့်မြတ်နိုးခဲ့ကြသည့် ကြီးမြတ်သော ပုဂ္ဂိုလ်များအတွက်သာမဟုတ်ဘဲ တိုင်းပြည်၏ သာယာဝပြောရေးနှင့်တိုးတက်မှုကို အလေးထားချစ်ခင်တွယ်တာသောစိတ်ဓာတ်ပင်ဖြစ်သည်။ အခြေခံအားဖြင့် ၎င်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ခံစားချက်များထက် အမျိုးသားရေးခံစားချက်များနှင့် ပုဂ္ဂိုလ်ရေးအရ အကျိုးအမြတ်များထက် အမျိုးသားရေးဆိုင်ရာ စိုးရိမ်မှုများကို ပိုမိုတန်ဖိုးထားခြင်းဖြစ်သည်။ အမိမြေအတွက် အသက်ရှင်ခြင်းနှင့် သေခြင်းဖြစ်သည်။ ဤအချက်သည် တိုင်းပြည်တိုးတက်ရေးအတွက် လုပ်ဆောင်နေသည့် စိတ်ဓာတ်များနှင့် နက်နက်ရှိုင်းရှိုင်း ပြင်းပြသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်သည် နှလုံးသားအတွင်း၌ အမည်တွင်ရုံမျှသာမွန်မြတ်သော စိတ်ဓာတ်မဟုတ်ပေ။ အမည်ခေါ်ရုံမျှသာ တည်ရှိနေလျှင် အယောင်ဆောင်မျိုးချစ်စိတ်သာဖြစ်သည်။ စစ်မှန်သော မျိုးချစ်စိတ်သည် ခိုင်မာသောလုပ်ဆောင်ချက်များနှင့် ပြင်ပဖော်ပြချက်များကို တောင်းဆိုသည်။ ဆိုလိုသည်မှာ ရင်ထဲ၌သာ ချစ်နေရုံမဟုတ်၊ မြတ်နိုးရုံမဟုတ် ၎င်းနှင့်ထိုက်တန်သည့် တာဝန်ယူလုပ်ဆောင်မှု၊ ပြုမူဆောင်ရွက်မှုကို ပြုလုပ်ရန် လိုအပ်ပေသည်။ တစ်နည်းဆိုရသော် ၎င်းသည် ပုဂ္ဂိုလ်ရေးအရခံစားချက်ထက် အမျိုးသားရေးဆိုင်ရာ စာနာမှုကို ဦးစားပေးသည်။ မိမိအကျိုးအမြတ်ထက် နိုင်ငံအကျိုးစီးပွားကို ဦးစားပေးခြင်းဖြစ်သည်။ လေးနက်သော မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းပြည်ကောင်းစားရေးအတွက် ကြိုးပမ်းလိုသောဆန္ဒဖြင့် ပေါင်းစပ်ထားသည်။

**စစ်မှန်သောမျိုးချစ်စိတ်မှ နိုင်ငံတော်ကာကွယ်ရေးဆီသို့**

မျိုးချစ်စိတ်သည် မွန်မြတ်သောစိတ်ထားတစ်ခုထက် သာလွန်သည်။ အခြေအနေအမျိုးမျိုးကြောင့် မျိုးချစ်စိတ်ဓာတ်ကို အားပေးနိုင်သည်။ မျိုးချစ်စိတ်ကိုအရင်းခံ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံစွမ်းဆောင်ခဲ့ကြသူများစွာရှိပေသည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် သူရဲကောင်းများနှင့် အာဇာနည်များရှိသကဲ့သို့ မိမိတို့တိုင်းပြည်လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက် အသက်ပေးခဲ့ကြသည့်သူရဲကောင်းနှင့်အာဇာနည်များအကြောင်းကိုလည်း ကောင်းစွာသိရှိကြရမည်ဖြစ်သည်။ အမေရိကန်ကဲ့သို့သောနိုင်ငံသည်ပင် နိုင်ငံ၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောင့်ရေးသည် အရေးကြီးဆုံးသော အမျိုးသားအကျိုးစီးပွားအဖြစ် သတ်မှတ်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်သည်။

ပြောင်းလဲလာသည့် ကမ္ဘာလုံးဆိုင်ရာ ပထဝီနိုင်ငံရေးအခြေအနေ၊ တိုးတက်လာသည့် နည်းပညာနှင့် ခေတ်နှင့်အညီပြောင်းလဲလာသည့် လူတို့၏စိတ်ဓာတ်များကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည်လည်း ပြောင်းလဲလာခဲ့သည်။ ဥရောပကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများသာမက အင်အားကြီးနိုင်ငံများသည်ပင် စုပေါင်းကာကွယ်ရေးဟူသည့် မူဘောင်များချမှတ်လုပ်ဆောင်လာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေတွင် နိုင်ငံသားတို့သည် နိုင်ငံတော်ချစ်စိတ်၊ တစ်နည်းဆိုရပါမူ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ကိုအခိုင်အမာမွေးမြူကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အထောက်အပံ့ပြုရမည်သာဖြစ်သည်။ သို့မှသာလျှင် မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်တို့သည် လိုက်လျောညီထွေရှိမည်ဖြစ်သည်။

သို့သော် မျိုးချစ်စိတ်တွင် အနစ်နာခံခြင်းသည် တိုင်းပြည်အတွက် အသက်ပေးလှူရမည်ဟု အမြဲတမ်း မဆိုလိုဘဲ၊ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုသော စေတနာဖြင့်အနစ်နာခံခြင်းသည်လည်း အတူတူပင်ဖြစ်သည်။ မျိုးချစ်စိတ်သည် ညီရင်းအစ်ကို စိတ်ဓာတ်ကို အလေးပေး၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များတူညီကြသော တိုင်းရင်းသား မျိုးနွယ်စုများကြား စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးသည်။ ထို့ကြောင့် စစ်မှန်သော မျိုးချစ်စိတ်သည် တိုင်းပြည်နှင့်လူမျိုးအတွက် အနစ်နာခံပေးဆပ်ရန်အသင့်ဖြစ်ပြီး ၎င်း၏ လူထုကိုလည်း နိုင်ငံတော်တိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်မှုလည်း ဖြစ်ပါသည်။

**တပ်မတော်နှင့်ပြည်သူ့စစ်မှုထမ်း**

မိမိတို့နိုင်ငံသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်၍ ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတိအလင်းချမှတ်ထားပြီးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများစုသည် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုမထမ်းမနေရဥပဒေများကိုကျင့်သုံးလျက်ရှိသည်။ လက်ရှိမှတ်တမ်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် စစ်မှုမထမ်းမနေရဥပဒေကျင့်သုံးသည့် နိုင်ငံစုစုပေါင်း ၈၅ နိုင်ငံရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ၎င်းတွင် အမေရိကန်၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့်အစ္စရေးကဲ့သို့သော ခေတ်မီဖွံ့ဖြိုးပြီးနိုင်ငံများပါဝင်နေသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရန်နှင့် စစ်ပညာသင်ကြားရန်အတွက် ပြည်သူ့ စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်၌ အာဏာတည်စေခဲ့သည်။ ထိုသို့ အာဏာတည်စေခဲ့ပြီးနောက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်က ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁၁)ထိ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ဆရာဇော်ဂျီက နိုင်ငံသားတစ်ယောက်အနေဖြင့် အမိနိုင်ငံတော်အတွက် အကျိုးပြုမှုတစ်ခုလုပ်ဆောင်စေလိုသည် ဟူသောအချက်ကို ရှင်းရှင်းလင်းလင်းမြင်သာစေရန် **“သင်သေသွားသော်”** ကဗျာဖြင့် နောင်းလူတို့အတွက် မှာတမ်းခြွေခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်သည် ဖက်ဒရယ်ကိုအခြေခံပြီးစစ်မှန်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ ၎င်းနှင့် လိုက်လျောညီထွေစွာ ပြည်သူ့စစ်မှုထမ်းဥပဒေကိုလည်း ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတစ်ယောက်၏အခွင့်အရေးများကို အတိအလင်းသတ်မှတ်ပြဋ္ဌာန်းထားသကဲ့သို့ လိုအပ်ပါက နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန်အတွက်လည်း ပြဋ္ဌာန်းထားသည်ကိုထင်ရှားစွာတွေ့ရှိရမည်ဖြစ်သည်။ အသက်အရွယ်အလိုက်အကျုံးဝင်သည့် နိုင်ငံသားများ စစ်မှုထမ်းဆောင်ရေးနှင့် စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်နှင့်ဆိုင်းငံ့ခွင့်များကိုလည်း ဥပဒေ၌ ပြဋ္ဌာန်းထားရှိပါသည်။ သို့ဖြစ်၍ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းအကျုံးဝင်သည့် လူငယ်၊ လူရွယ်များအနေဖြင့်လည်း မွေးရပ်ဌာနေ၊ အမိမြေ၏ ထာဝရတည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာတည်သရွေ့အစဉ်တည်ရှိနေစေရန်အတွက် စစ်မှုထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- နေ့စဉ်သတင်းစာများ

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ချောင်းဦးမြို့နယ်တွင် မြေပဲ ကေအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၆၂ ဒသမ ၈၆ တင်းထွက်ရှိ



ချောင်းဦး မတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၅၉၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် နုတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၂ ဒသမ ၈၆ တင်းထွက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲကေ ၅၉၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ လက်ရှိချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံမြေပဲကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

## တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံကုလားပဲ ၂၃၅၄၆ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၂ ဒသမ ၃၈ တင်းထွက်ရှိ

ရေဦး မတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၂၃၅၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၉၉၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၃၅၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၅၉၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၃၅၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေနေတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈) နှင့် ရေဆင်း(၁၁) မျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည် ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။ (၂၀၆)

### တပ်မတော်၏ဦးဆောက်ပန်းနှင့်လုပ်ငန်းတာဝန်

- ဒို့တာဝန်အရေးသုံးပါး
  အလေးထား ဦးထိပ်တင်
  ဦးဆောက်ပန်းသွင်၊
  လက်ရုံးထက် ဝဲယာတွင်
  ထာဝစဉ် မပျက်သုဉ်း၊
  အဓိက တာဝန်သုံး
  တပ်မတော်ကျင့်ထုံး။

- တွင်းပရန် အဖျက်သမား
  အလေးထား မှုန်းချေ၊
  ငြိမ်းအေးစေ ပြည်ထောင်တစ်လွှား
  စည်ကားညာကြေ၊
  ငြိမ်းချမ်းပန်း တဝေဝေ
  လေ့ကျင့်နေ မခိုမနား၊
  စစ်ဗျူဟာ စစ်ကစား
  စိတ်ခန္ဓာ ကြံ့ခိုင်ထွား
  ချွေးထွက်များများ။

- လေ့ကျင့်ရေး ပြည့်စုံပြန်
  ပြည်သူ့ထံ မြန်မနှေး
  လုပ်ကျွေးပြုရန်၊
  အဓိက တာဝန်မှန်
  ကျေပွန်ရန် လုံ့လပြု၊
  ကျိုးနွံစွာ အလေးဂရု
  ပြည်သူ့အကျိုးပြု။

- ဦးထိပ်ပန် မြတ်ပန်းကုံး
  ယာလက်ရုံး "စစ်ဆင်"ရာ
  "လေ့ကျင့်"ရာ ဝဲလက်ရုံး
  ကျင့်သုံးဘယ်ညာ၊
  "ပြည်သူ့တွက် နံ့သစွာ
  ပေးလှူကာ နှလုံးသား"၊
  သက်ခန္ဓာ မှုမထား
  စွန့်လွှတ်စွန့်စား။ ။

(တပ်မတော်နေ့ကို ဂုဏ်ပြုလျက် စွန့်လွှတ်စွန့်စား စစ်သည်များအား သစ္စာစောင့်သိအလေးပြုပါ၏)

ကျော်စောဟန်

# နိုင်ငံတကာ သတင်းများ

## အေအိုင်နည်းပညာသုံး မောင်းသူမဲ့လေယာဉ်စမ်းသပ်မှု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ဦးဆောင်

ပြုံယမ်း မတ် ၂၇

လူ့ဉာဏ်ရည်တု နည်းပညာ (အေအိုင်)နည်းပညာသုံး အသေခံ မောင်းသူမဲ့ လေယာဉ်များကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံ ပိုင်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည်အဆင့်မြှင့်တင်ထားသော မောင်းသူမဲ့ ကင်းထောက် လေယာဉ်သစ်များကိုလည်း မတ် ၂၆ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မောင်းသူမဲ့ ကင်းထောက်လေယာဉ်သစ်သည် မြေပြင်နှင့် ရေပြင်တို့ရှိ နည်းဗျူဟာမြောက် ပစ်မှတ်များနှင့် ရန်သူ့လှုပ်ရှားမှုများကို ထောက်လှမ်းပေးနိုင်ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ခေတ်မီစစ်လက်နက်ပစ္စည်းများတည်ဆောက်ရာတွင် အေအိုင်နည်းပညာထည့်သွင်းနိုင်ရေးကို အဓိကဦးစားပေးရမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က မတ် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မတ် ၂၆ ရက်က မြောက်ကိုရီးယားနိုင်ငံ၏ ပထမဆုံး လေကြောင်းရန် ကာကွယ်ရေး ကြိုတင်သတိပေးစနစ် လေယာဉ်ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလေကြောင်းရန်ကာကွယ်ရေး ကြိုတင်သတိပေးစနစ် လေယာဉ်မှာ ရုရှားနိုင်ငံထုတ် အီလူရှင်း-၇၆ လေယာဉ်ကို ပြုပြင်ပြောင်းလဲထားသော လေယာဉ်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



## ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့က တူမင် နယ်စပ်မြစ်ကူးတံတားသစ် တည်ဆောက်မည်

မော်စကို မတ် ၂၇

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံကြား တည်ရှိသည့် တူမင်မြစ်ကူးတံတား တစ်စင်းတည်ဆောက်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တူမင်မြစ်ကူးတံတားကို မကြာမီကာလတွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက ရုရှားပြည်တွင်း မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

တူမင် မြစ်ကူးတံတားတည်ဆောက်ရေး သဘောတူညီချက်ကို ၂၀၂၄ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ ရုရှားသမ္မတ ပူတင်သွားရောက်စဉ် နှစ်နိုင်ငံတာဝန်ရှိသူများက ရယူခဲ့ကြခြင်းဖြစ်သည်။

တူမင်မြစ်ကူးတံတားသစ်ကို လက်ရှိ တည်ရှိနေသည့် ရုရှား-မြောက်ကိုရီးယား ချစ်ကြည်ရေး မြစ်ကူးရထားတံတားအနီးမှာပင် တည်ဆောက်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများ၏အဆိုအရ သိရသည်။

အဆိုပါ တူမင်မြစ်ကူးရထားတံတားကို ကိုရီးယားကျွန်းဆွယ် စစ်ပွဲပြီးဆုံးပြီးနောက် ၁၉၅၉ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အရှည် မီတာ ၈၅၀ ရှိမည့် တူမင်မြစ်ကူးတံတားသစ်ကို ရုရှားနိုင်ငံ၏ အဝေးပြေးလမ်းစနစ်နှင့် ချိတ်ဆက်ထားမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကိုဆိုဗိုကို လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် ကင်ညာအသိအမှတ်ပြု

နိုင်ရိုဘီ မတ် ၂၇

ဆားဘီးယားနိုင်ငံမှ ခွဲထွက်၍ လွတ်လပ်ရေးကြေညာထားသော ကိုဆိုဗိုနိုင်ငံကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကင်ညာနိုင်ငံက မတ် ၂၆ ရက်တွင် အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

ကင်ညာနိုင်ငံသည် ငါးနှစ်တာကာလအတွင်း ကိုဆိုဗိုနိုင်ငံကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သော ပထမဆုံးနိုင်ငံဖြစ်သည်။

ကိုဆိုဗိုနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ဆားဘီးယားနိုင်ငံမှ ခွဲထွက်၍ လွတ်လပ်ရေးကြေညာထားသော်လည်း ဆားဘီးယားနိုင်ငံနှင့် မဟာမိတ်များ၏ ကန့်ကွက်မှုကြောင့် ကုလသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်မရသေးကြောင်း သိရသည်။



လက်ရှိအချိန်တွင် အမေရိကန်နှင့် ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ တို့က ကိုဆိုဗိုလွတ်လပ်ရေးကို အသိအမှတ်ပြုထားကြသည်။

ကိုဆိုဗို လွတ်လပ်ရေးအား ကင်ညာနိုင်ငံက အသိအမှတ်ပြုမှုကို အတည်ပြုထားသော အသိအမှတ်ပြုလွှာကို ကင်ညာသမ္မတ ဝီလျံရူတိုက လက်မှတ်ရေးထိုးခဲ့သည်။

ကိုဆိုဗို လွတ်လပ်ရေးကို အသိအမှတ်ပြုထားသောနောက်ဆုံးနိုင်ငံမှာ အစ္စရေးနိုင်ငံဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အသိအမှတ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားရော့ တရုတ်နိုင်ငံပေကျင်းမြို့သို့ရောက်ရှိ



ပေကျင်း မတ် ၂၇

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်နိုအယ်လ် ဘားရော့သည် ယနေ့တွင် နှစ်ရက်ကြာ တရုတ်ခရီးစဉ်ကို စတင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားရော့သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ယနေ့မှာပင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယိနှင့်တွေ့ဆုံစဉ် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားရော့သည် ယူကရိန်းပြဿနာ၊ တရုတ်နှင့် ဥရောပတို့ကြား ကုန်သွယ်ရေးအငြင်းပွားမှု ပြဿနာများကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

ယူကရိန်းကို ဆက်လက်ကူညီရေးနှင့်ပတ်သက်၍ ဥရောပနှင့် အမေရိကန်နိုင်ငံတို့ကြား သဘောထားကွဲလွဲနေချိန်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဘားရော့ တရုတ်နိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ယူကရိန်းစစ်ပွဲကာလအတွင်း ယူကရိန်းအစိုးရကို အခိုင်အမာထောက်ခံအားပေးခဲ့သောနိုင်ငံဖြစ်သည်။

သို့ရာတွင် တရုတ်နိုင်ငံကမူ ရုရှားနိုင်ငံကို သံတမန်ဆက်ဆံရေးအရ ထောက်ခံအားပေးခဲ့ပြီး ရုရှားသဘာဝသယံဇာတများကို ဝယ်ယူပေးခြင်းဖြင့် ရုရှားအစိုးရကို စီးပွားရေးအရ ထွက်ပေါက်ဖွင့်ပေးထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကာစီနိုလုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ် ထိုင်းအစိုးရ အတည်ပြု

ဘန်ကောက် မတ် ၂၇

ကာစီနိုနှင့် အခြားလောင်းကစားလုပ်ငန်းများ တရားဝင်ဖွင့်လှစ်ခွင့်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို ထိုင်းအစိုးရက မတ် ၂၇ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းတွင် ကာစီနိုလုပ်ငန်းများကို တရားဝင်ခွင့်ပြုထားသော်လည်း ယင်းကာစီနိုရုံများသို့ သွားရောက်နိုင်မည့် ထိုင်းနိုင်ငံသား အရေအတွက်ကို ကန့်သတ်ထားသည်။

ကာစီနိုရုံများသို့ သွားရောက်မည့် ထိုင်းနိုင်ငံသားများအတွက် ဝင်ကြေးကို တစ်ဦးလျှင် ဘတ်ငွေ ၅၀၀၀ သတ်မှတ်ထားပြီး ဘဏ်အပ်ငွေအနည်းဆုံး ဘတ်ငွေ သန်း ၅၀(အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇ သန်း) ရှိကြောင်း သက်သေပြနိုင်ရမည်ဖြစ်သည်။




ထိုင်းနိုင်ငံ၏ ပြည်သူတစ်ဦးချင်း နှစ်စဉ်ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃၀၀ သာရှိရာ အဆိုပါ ပြဋ္ဌာန်းချက်များထည့်သွင်းထားခြင်းဖြင့် ထိုင်းနိုင်ငံသားများ ကာစီနိုရုံသွားရောက်နိုင်ခွင့်ကို ကန့်သတ်ထားခြင်းဖြစ်သည်။

ထို့ပြင် ထိုင်းအစိုးရကခွင့်ပြုမည့် ဖျော်ဖြေရေးနယ်မြေ၌ ကာစီနိုလုပ်ငန်းများ ရယူနိုင်သောနေရာကိုလည်း နယ်မြေတစ်ခုလုံး၏ ၁၀ ရာခိုင်နှုန်းအထိသာ ထိုင်းအစိုးရ၏ဥပဒေကြမ်း၌ သတ်မှတ်ပေးထားသည်။

အဆိုပါဥပဒေကြမ်းအတွက် လွှတ်တော် အတည်ပြုချက်နှင့် ဘုရင်မင်းမြတ်၏ အပြီးသတ်အတည်ပြုချက်တို့ ရယူရန်လိုအပ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# UFC 316 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှူအာဗန်က ဘရာဇီးဖိုက်တာ ဘရူနိုဆေးဗားလ်နှင့် ထိုးသတ်မည်

ရန်ကုန် မတ် ၂၇

UFC နှင့် စာချုပ်ချုပ်ဆိုကာ မြန်မာကိုယ်စားပြုပြီး UFC ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်လျက်ရှိသည့် ဂျိုရှူအာဗန်သည် လာမည့်ဇွန် ၇ ရက်တွင်ကျင်းပမည့် UFC 316 ပြိုင်ပွဲတွင် ဘရာဇီးဖိုက်တာ ဘရူနိုဆေးဗားလ်နှင့် ထိုးသတ်သွားမည်ဟု ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျိုရှူအာဗန်နှင့် ဘရူနိုဆေးဗားလ်တို့သည် အစောပိုင်းပြိုင်ပွဲများတွင် ထိုးသတ်ရန်အတွက် ပွဲတည်ခဲ့သော်လည်း ဘရူနိုဆေးဗားလ်က နုတ်ထွက်ခဲ့သည့်အတွက် ဂျိုရှူအာဗန်အနေဖြင့် ပြိုင်ဘက်ပြောင်းလဲထိုးသတ်ခဲ့ရပြီး ယခုအခါ ဒုတိယအကြိမ်မြောက် ပြန်လည်ပွဲတည်ခဲ့ခြင်းဖြစ်သည်။

ဂျိုရှူအာဗန်သည် UFC နှင့် စာချုပ်ချုပ်ဆိုပြီးနောက် UFC ပြိုင်ပွဲများတွင် ခုနစ်ပွဲထိုးသတ်ခဲ့ပြီး ခြောက်ပွဲအနိုင်ရရှိခဲ့ကာ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးထိုးသတ်ခဲ့သည့် ပွဲစဉ်အဖြစ် UFC 313 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ ဆူရူယနှင့် ထိုးသတ်ခဲ့ရာ ဒိုင်မှတ်ဖြင့် အနိုင်ရရှိထားသည်။

အသက် ၂၃ နှစ်ရှိ ဂျိုရှူအာဗန်သည် လက်ရှိအချိန်ထိ UFC ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြီး ဝင်ရောက် ထိုးသတ်လျက်ရှိနေသည့် တစ်ဦးတည်းသောဖိုက်တာအဖြစ် ရပ်တည်နေသူဖြစ်ကြောင်း သိရသည်။

STA

# ISTAF WORLD CUP 2025 ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ တစ်ခု၊ ငွေ နှစ်ခုနှင့် ကြေး တစ်ခု ဆွတ်ခူးနိုင်ခဲ့




ရန်ကုန် မတ် ၂၇

အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ မတ် ၂၀ ရက်မှ ၂၅ ရက်ထိ ကျင်းပခဲ့သည့် ISTAF WORLD CUP 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတစ်ခု၊ ငွေနှစ်ခုနှင့် ကြေးတစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ISTAF WORLD CUP 2025 ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် မတ် ၂၆ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်က ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဇော်ဦးမှ ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀၊ တွဲဖက်အတွင်းရေးမှူး ဦးစိုင်းဇော်ထွန်းလင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်မြတ်မင်းတို့ကလည်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်၊

ISTAF WORLD CUP 2025 ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို အမျိုးသမီးနှစ်ယောက်တွဲ Double Event တွင် ရွှေတံဆိပ်၊ အမျိုးသားနှစ်ယောက်တွဲ Double Event နှင့်အမျိုးသား+အမျိုးသမီး Mix Double Event တို့တွင် ငွေတံဆိပ်တစ်ခုစီနှင့်အမျိုးသားလေးယောက်တွဲ Quadrant Event တွင် ကြေးတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# အလက်ဇန္ဒရာက စဝီယာတက်ခ်ကိုအနိုင်ယူ၍ မိုင်ယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်ရောက်

ဖလော်ရီဒါ မတ် ၂၇

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် မိုင်ယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဖိလစ်ပိုင်တင်းနစ်မယ် အလက်ဇန္ဒရာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အလက်ဇန္ဒရာက (၆-၂၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်အရွယ်သာရှိသေးသည့် အလက်ဇန္ဒရာသည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့် သတ်မှတ်ခံထားရခြင်းမရှိသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး အတွေ့အကြုံနည်းသေးသော်လည်း ကမ္ဘာ့အဆင့်ကစားသမားကို အကောင်းဆုံးပုံစံဖြင့် အနိုင်ရရှိကာ အနာဂတ်တွင် အလားအလာကောင်းများ ရှိနေကြောင်း ပြသနိုင်ခဲ့သည်။

အလက်ဇန္ဒရာက "ဒီလိုအဆင့်မျိုးမှာ ကမ္ဘာ့အဆင့်ကစားသမားကို အနိုင်ယူနိုင်ခဲ့တာကို မယုံကြည်နိုင်သေးဘူး ဖြစ်နေပါတယ်။ ကျွန်မအနေနဲ့ အနိုင်ရခဲ့သည်ဖြစ်စေ မရခဲ့သည်ဖြစ်စေ ဒီအဆင့်အထိ တက်ရောက်ပြီး စဝီယာတက်ခ်လို ကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားခွင့်ရခဲ့တာကို ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မကိုယ်ကျွန်မလည်း ယုံကြည်မှုတွေမြင့်တက်လာတယ်လို့ ခံစားရတယ်။ ကျွန်မကို အမြဲထောက်ခံအားပေးနေတဲ့ ကျွန်မရဲ့နည်းပြအဖွဲ့လည်း ကျွန်မနောက်မှာ ရှိနေတယ်။ နောက်ထပ်လည်း ဒီထက်ပိုပြီးကောင်းတဲ့ စွမ်းဆောင်ရည်တွေကို ပြသနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

အလက်ဇန္ဒရာသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ အာဆင်နယ်အမျိုးသမီးအသင်း တက်ရောက်




လန်ဒန် မတ် ၂၇

အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် အာဆင်နယ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး နှစ်ဂိုးဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အာဆင်နယ် အမျိုးသမီးအသင်းသည် မတ် ၁၉ ရက်က ကစားခဲ့သည့် အဝေးကွင်းပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် နောက်တစ်ဆင့် တက်ရောက်ရန် အခွင့်အရေး နည်းပါးခဲ့သော်လည်း ယခုအိမ်ကွင်းပွဲစဉ်တွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး အကောင်းဆုံး ပြန်လာနိုင်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

တပ်မတော်၏ စစ်မှန်သည့် သဘောထားနှင့် ရပ်တည်ချက်များဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့အချိန်တွင် အားလုံးသိထားပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိခြင်းကြောင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းပြည်၏ စစ်မှန်သည့် အင်အားသည် တိုင်းပြည်တွင်းမှာပင်ရှိခြင်းကြောင့် အဆိုပါအင်အားထုကို အကျိုးမဲ့မဖြစ်စေဘဲ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးဝိုင်းဝန်းသယ်ပိုးမှသာ လျှောက်လှမ်းလိုသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီရောက်ရှိမည်ဆိုသည်ကို အားလုံးသတိပြုမိကြရန် လိုအပ်ကြောင်း။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးခြင်းပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံလမ်းတံတားအဆောက်အအုံများ ပိုမိုတည်ဆောက်ပေးနိုင်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုကောင်းမွန်စေခြင်း၊ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းအပြင် အခြားနိုင်ငံများနှင့်လည်း ယုံကြည်စိတ်ချစွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုပြုလုပ်နိုင်မည်ဖြစ်ကြောင်း။

ထိုသို့မဟုတ်ဘဲ ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်ဖြင့် ကိုယ့်ကျိုးအတွက်ကို ရှေ့တန်းတင်ပြီး အယူဝါဒအရေး၊ လူမျိုးစုအရေးဆိုသည့် ခေါင်းစဉ်များတပ်ကာ အဖျက်လုပ်ရပ်များ လုပ်ဆောင်နေသမျှ လူအများစုဖြစ်သည့် ဒေသခံပြည်သူများ၏ ဘဝများသာ ထိခိုက်နစ်နာရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရန် လိုအပ်သည့် ကာကွယ်မှုများပေးရမည်မှာ မိမိတို့တပ်မတော်နှင့် လုံခြုံရေးဆိုင်ရာအဖွဲ့ဝင်များ၏တာဝန်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အားသာချက်ဖြစ်သည့် တည်နေရာပထဝီအနေအထားကောင်းမွန်ခြင်း၊ မြေပေါ်မြေအောက်သဘာဝသယံဇာတပေါများခြင်း၊ မြေဆီလွှာများကောင်းမွန်ခြင်းတို့သည် နိုင်ငံအပေါ် အမြတ်ထုတ်လိုသူများအတွက် အခွင့်ကောင်းများပင်ဖြစ်ကြောင်း၊ အဆိုပါအခွင့်ကောင်းများကို ကိုယ်ကျိုးအတွက် ပုံစံအမျိုးမျိုးဖြင့် ရယူသိမ်းပိုက်လိုသည့် **ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ ရန်စွယ်မှန်သမျှမှ ကာကွယ်ထိန်းသိမ်းရင်း အသက်နှင့်ခန္ဓာ စွန့်လွှတ်ခဲ့ရသည့် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အောက်မေ့သတိရနေမည်** ဖြစ်သည်ကို ထည့်သွင်းပြောကြားလိုကြောင်း။

ယခုအခမ်းအနားမှ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသူများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းပြည်နှင့် လူမျိုးအတွက် အခက်အခဲမှန်သမျှကိုအမှုမထားဘဲ အသက်ခန္ဓာစွန့်လွှတ်ရဲသော ကြံ့ခိုင်သည့်စိတ်ဓာတ်၊ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြသည့် ပြည်သူ့သားကောင်းဇာနည်များဖြစ်ကြောင်း၊ မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊သူရဲကောင်းစိတ်ဓာတ် ပြည့်ဝစွာ တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သဖြင့် အစဉ်အမြဲအမှတ်ရနေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ပြည်သူ့သားကောင်းဇာနည်များ၏ ကောင်းမွန်မြင့်မြတ်သည့် ယုံကြည်ချက်၊ ခံယူချက်ကောင်းများဖြင့် သူရဲကောင်းပီသစွာရဲဝံ့စွန့်စားမှုများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းအမွေပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများနှင့် အမွေခံများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူဗိုလ်ချုပ် တစ်ဦး၊ ဗိုလ်မှူးကြီး သုံးဦး၊ရဲမှူးချုပ် တစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး နှစ်ဦး၊ ဗိုလ်မှူး သုံးဦး၊ ဗိုလ်မှူး / ဗိုလ်ကြီး နှစ်ဦး၊ ဗိုလ်ကြီး သုံးဦး၊ တပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊တပ်ကြပ်ကြီးနှစ်ဦး၊တပ်ကြပ်နှစ်ဦး၊ ဒုတိယတပ်ကြပ်နှစ်ဦးတို့ကို ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့က တေးသီချင်း၊ အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ နယ်ချဲ့လွတ်မြောက်ရေးလှုပ်ရှားမှုနဲ့ စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ အတူ ပေါ်ပေါက်လာတဲ့ တို့တပ်မတော်ရဲ့ နှစ် ၈၀ ပြည့် တပ်မတော်နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့် တပ်မတော်ဟာ သူတစ်ပါးသြဇာခံဘဝကနေ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အမျိုးသားတပ်မတော် အဖြစ် ကူးပြောင်းခဲ့တာကို ကမ္ဘာ့ည်းမော်ကွန်းတင်ခဲ့တဲ့နေ့ဖြစ်သလို နိုင်ငံ့လွတ်လပ်ရေးအတွက် တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူတွေ လက်တွဲပြီး ဖက်ဆစ်ဝါဒီတွေကို စတင်တွန်းလှန်မောင်းထုတ်ခဲ့တဲ့ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်ကို ဂုဏ်ပြုတဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။ တို့တပ်မတော်ရဲ့ သမိုင်းကြောင်းဟာ မျက်မှောက်ခေတ် နိုင်ငံတော်ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းနဲ့ တစ်သားတည်းဆက်စပ်နေတာကြောင့် နှစ် ၈၀ ပြည့်မြောက်တဲ့ဒီနေ့ဟာ တို့တပ်မတော်အတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ဖြစ်လို့ ဒီလိုသမိုင်းဝင်နေ့ထူးနေ့မြတ်မှာ ရဲဘော်တို့ကို သိသင့်သိထိုက်တာတွေ အလေးထားမှာကြားသွားမှာဖြစ်တယ်။

**ရဲဘော်တို့**

တို့နိုင်ငံရဲ့သမိုင်းကြောင်းကိုပြန်ကြည့်ရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းတဲ့ကာလတွေမှာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ရယ်လို့ ထည်ဝါခံ့ညားစွာ ရပ်တည်နိုင်ခဲ့တာကိုတွေ့ရှိရတယ်။ ကိုလိုနီနယ်ချဲ့တွေဟာ သယံဇာတပေါကြွယ်ဝတဲ့ တို့နိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နဲ့ ၁၈၈၅ ခုနှစ်တို့မှာ မတရားကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် ဆင်နွှဲခဲ့တာကြောင့် နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာလုံးဝလက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ တို့နိုင်ငံ ကိုလိုနီဘဝကျရောက်ခဲ့ချိန်မှာတော့ နယ်ချဲ့တွေဟာ ကာလကြာရှည် ကျွန်ပြုနိုင်ဖို့အတွက် ပရိယာယ်အမျိုးမျိုးနဲ့သွေးခွဲအုပ်ချုပ်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ ဒီလိုသွေးခွဲအုပ်ချုပ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားတွေအကြား အချင်းချင်းမယုံကြည်မှုတွေဟာ လွတ်လပ်ရေးရပြီးချိန်မှာ အယူဝါဒကွဲပြားမှုတွေနဲ့ ရောယှက်ပြီး ကြီးမားတဲ့လက်နက်ကိုင်ပဋိပက္ခကိုဖြစ်စေခဲ့တယ်။ ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုဟာ ၁၉၄၉ ခုနှစ်မှာ ပိုမိုဆိုးရွားလာခဲ့တာကြောင့် တို့တပ်မတော်အနေနဲ့ ရန်ကုန်အစိုးရလို့ ခေါ်ရတဲ့ အနေအထားကနေ အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ပြီး တိုင်းပြည်ကို ကယ်တင်ပေးနိုင်ခဲ့တယ်။

တပ်မတော်အနေနဲ့ ပြည်တွင်းသောင်းကျန်းမှုတွေအပြင် တရုတ်ဖြူ(ကူမင်တန်)နဲ့ မူဂျာဟစ်ကုလားဆိုးတွေရဲ့ ပြည်ပကျူးကျော်မှုတွေ နှိမ်နင်းခဲ့ရတာ စွဲစွဲမြဲမြဲမှတ်ထားကြဖို့လိုသလို အဲဒီအချိန် အဲဒီကာလမှာ ပါတီအကွဲအပြဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကိုလည်း အိမ်စောင့်အစိုးရအဖြစ် ၁၉၅၈ ခုနှစ်မှာ တာဝန်ယူပြီး နိုင်ငံတော်ကြီးတည်ငြိမ်အောင် အခက်အခဲမျိုးစုံကြားက ဖြေရှင်းဆောင်ရွက်ပေးခဲ့ရတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် တိုင်းပြည်ပြိုကွဲမယ့်အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရတဲ့ ၁၉၆၂ ခုနှစ်မှာလည်း တပ်မတော်ကပဲ ကာကွယ်စောင့်ရှောက်ပေးခဲ့ရပြန်တယ်။

ဒ့ါပြင် ၁၉၈၀ အလွန်ကာလ အဲဒီအချိန်က အာဏာရပါတီရဲ့ အားနည်းချက်တွေကြောင့် ၁၉၈၈ ခုနှစ်မှာ ဆူပူအုံကြွမှုတွေနဲ့ မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူတွေဖြစ်ပေါ်လာပြီး အုပ်ချုပ်ရေးယန္တရားတွေ ထိခိုက်ပျက်စီးလာချိန်မှာလည်း တပ်မတော်ကပဲ



တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ ပြည်သူအများလိုလားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်က ပုံဖော်ပေးခဲ့ပြီး ဒီမိုကရေစီအစိုးရ နှစ်ဆက်မှာ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်စေရေးအတွက် တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ အာဏာရပါတီဟာ အလွန်ရုပ်ဆိုးအကျည်းတန်တဲ့ မဲမသမာမှုတွေကို ပြုလုပ်ခဲ့ကြတယ်။ ဒီလုပ်ရပ်ဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ တရားမျှတပြီး စစ်မှန်တဲ့ရွေးကောက်ပွဲတစ်ခုမဖြစ်ခဲ့ဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ယွင်းစေတဲ့ မရိုးသားတဲ့ နိုင်ငံရေးလုပ်ရပ်ဖြစ်ခဲ့တယ်။ တပ်မတော်အနေနဲ့ ဖြေရှင်းဆောင်ရွက်ပေးဖို့ တရားဥပဒေနဲ့အညီ တောင်းဆိုခဲ့ပေမယ့်လည်း တောင်းဆိုချက်တွေကို လျစ်လျူရှုပြီး လွှတ်တော်ခေါ်၊ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းလမ်းနဲ့ အဓမ္မရယူဖို့လုပ်ဆောင်ခဲ့တယ်။ ဒါကြောင့် တို့တပ်မတော်အနေနဲ့ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်ခဲ့ရတာဖြစ်တယ်။ တို့တပ်မတော်အနေနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ လက်ရှိအချိန်အထိ ခေတ်အဆက်ဆက်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမယ့် အန္တရာယ်တွေနဲ့ ကြုံတွေ့လာရတိုင်း နိုင်ငံတော်နဲ့ ပြည်သူအတွက် စွမ်းစွမ်းတမံကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလမှာလည်း ဆက်လက် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့နိုင်ငံမှာ ခေတ်စနစ်ရဲ့တောင်းဆိုချက်အရ ပြည်သူလူထုရဲ့ လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်တို့ကို ဖော်ဆောင်နိုင်ဖို့ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ပြီး ၂၀၀၈ ခုနှစ် မေ ၂၉ ရက်မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားခြင်းမဟုတ်ဘဲ နယ်ပယ်ကဏ္ဍအသီးသီးက ကိုယ်စားလှယ် ၁၀၀၀ ကျော်ပါတဲ့ အစုအဖွဲ့ ရှစ်ဖွဲ့နဲ့ အမျိုးသားညီလာခံတစ်ရပ် ကျင်းပပြီး ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းများအပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့ကြတာဖြစ်တယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၂၀(စ) မှာ **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"**လို့ အတိအလင်းပြဋ္ဌာန်းထားတာနဲ့အညီ တို့တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်လျက်ရှိတယ်။ ဒ့ါပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၆(စ)မှာ **"နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်"** ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ တို့တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးတာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်လျက်ရှိတယ်။ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ ရည်ရွယ်တဲ့ ထာဝရတည်မြဲသောနိုင်ငံရေးပဲဖြစ်တယ်။ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးဆိုတာ ပါတီနိုင်ငံရေးမဟုတ်ဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်တဲ့ နိုင်ငံ့အရေးဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ချိန် အစောပိုင်းကာလမှာ ဆူပူဆန္ဒပြမှုတွေသာဖြစ်ပေါ်ခဲ့ပေမယ့် အဲဒီအချိန်က လွှတ်တော်ကိုယ်စားလှယ်လောင်းအချို့ဟာ နိုင်ငံရေးကြောင့်ဖြစ်ပေါ်လာတဲ့ ပြဿနာကို ဥပဒေနဲ့အညီ ဖြေရှင်းလိုခြင်းမရှိဘဲ လူထုရဲ့စိတ်ခံစားချက်ကို အသုံးချပြီး အကြမ်းဖက်မှုတွေဖြစ်ပေါ်လာအောင် ဆင်ခြင်တုံတရားကင်းမဲ့စွာ သွေးထိုးလှုံ့ဆော်လာခဲ့ကြတယ်။ အဲဒီကမှတစ်ဆင့် NUG၊ CRPH နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေဖွဲ့စည်းပြီး နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာအောင် လုပ်ဆောင်ခဲ့တာကို တွေ့ရမှာပဲဖြစ်တယ်။ အဲဒါတွေနဲ့အတူ နိုင်ငံတော်အကျိုးကို မလိုလားတဲ့ ပြည်ဖျက်မီဒီယာတွေဟာလည်း ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို ပိုမိုကြီးထွားလာစေဖို့ အထောက်အပံ့မျိုးစုံရယူပြီး မဟုတ်မမှန်သတင်းတွေနဲ့ ဝါဒဖြန့်ချိမှုတွေ လုပ်ဆောင်လာခဲ့ကြတယ်။ အစိုးရအုပ်ချုပ်မှုယန္တရားတွေ ဆက်ပြီးမလည်ပတ်နိုင်စေဖို့နဲ့ ဝန်ထမ်းတွေကို နိုင်ငံတော်နဲ့ ပြည်သူအပေါ် သစ္စာမဲ့ကာ စွန့်ခွာသွားစေဖို့ လှုံ့ဆော်တာတွေ လုပ်ဆောင်ခဲ့ကြသလို တစ်ဖက်ကလည်း ခံယူချက်သဘောထားအမြင်ချင်း မတူညီသူတွေ၊ သူတို့ကို မထောက်ခံတဲ့သူတွေကို ဒလန်ခေါင်းစဉ်တပ်ပြီး ရက်ရက်စက်စက်သတ်ဖြတ်ခြင်းဖြင့် ပြည်သူတွေကြားမှာ အကြောက်တရားကြီးစိုးလာအောင် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်လာခဲ့ကြတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ပြည်ပအထောက်အပံ့တွေနဲ့အတူ ကြိုးစားလာခဲ့ခြင်းဖြစ်တယ်။

ဒ့ါပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ဟာလည်း နိုင်ငံအတွင်းဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပြဿနာကို အခွင့်ကောင်းယူပြီး PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးပျက်ပြားအောင် နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်ခဲ့ကြတယ်။ အပြစ်မဲ့ပြည်သူတွေကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာတွေ၊ သူတို့အလိုကျ ပူးပေါင်းဆောင်ရွက်ခြင်းမပြုတဲ့ မြို့ရွာတွေကို ပစ်ခတ်တိုက်ခိုက်တာတွေ၊ မီးရှို့ဖျက်ဆီးတာတွေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ လမ်း၊ တံတား၊ ယာဉ်နဲ့ လျှပ်စစ်တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတွေ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြတယ်။ အထူးသဖြင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ် ကျင့်သုံးနေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ ထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနဲ့အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် နယ်တစ်နယ် ခေါင်းတစ်စင်းစစ်ဘုရင်ဝါဒကိုသာ ကျင့်သုံးလိုချင်တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်လာနိုင်တဲ့အခြေအနေတွေဖြစ်ပေါ်ခဲ့ရတယ်။

နယ်မြေဒေသအလိုက် အာဏာရရှိဖို့ ကြိုးစားနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲဖော်ဆောင်လာမှုတွေဟာ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်ပစ္စည်းဥစ္စာတွေနဲ့ မြို့ရွာတွေ ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ပြည်သူအားလုံးက အလွန်ရွံရှာစက်ဆုပ်မုန်းတီးနေကြပြီဖြစ်တယ်။ ဒါကြောင့် အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေမှုတွေကို လက်မခံနိုင်သလို ဒို့တာဝန်အရေးသုံးပါးကိုထိပါးလာတဲ့ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်တွေကိုလည်း လုံးဝလက်သင့်ခံလို့မရတဲ့အတွက် တပ်မတော်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားမှာဖြစ်တယ်။

**မြန်မာ့သမိုင်းမှာ အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့တဲ့ ဖြစ်စဉ်တိုင်းမှာ တပ်မတော်အနေနဲ့ အလျှော့ပေးလက်ခံခဲ့တဲ့ အစဉ်အလာမရှိတာကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ဖို့နဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ရဲဘော်တို့အနေနဲ့ အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။**

**ရဲဘော်တို့**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိဖို့လိုအပ်တာကြောင့် ပြည်သူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတွေပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိ ဆောင်ရွက်နိုင်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်လျက်ရှိတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့

**စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

လုံခြုံရေးတာဝန်ရှိသူအားလုံးက ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနဲ့ အတူတကွပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တယ်။

ဒ့ါပြင် နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတာနဲ့အညီ သတ်မှတ်ထားတဲ့ အသက်အရွယ်နဲ့ အကျုံးဝင်တဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ခွင့်ရရှိရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ စတင်အသက်သွင်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူ့စစ်မှုထမ်းတွေဟာ အလွှာပေါင်းစုံကဝင်ရောက်တာဝန်ထမ်းဆောင်ကြသူတွေဖြစ်ပေမယ့်လည်း အတူစုပေါင်းလေ့ကျင့်မှုတွေပြုလုပ်ခဲ့တာကြောင့် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသူတွေဖြစ်လာပြီးတော့ နောင်တော်တပ်မတော်သားတွေနဲ့အတူလက်တွဲပြီး နိုင်ငံတစ်ဝန်း တာဝန်ကျရာ တပ်အသီးသီးမှာ ကိုယ်စီတာဝန်တွေ ထမ်းဆောင်နေကြပြီဖြစ်တယ်။ ဒါကြောင့် တာဝန်သိနိုင်ငံ့သားကောင်းတွေဟာ ပြည်သူ့စစ်မှုထမ်းတွေအဖြစ် ခိုင်မာတဲ့ အင်အားစုတစ်ရပ်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း ဂုဏ်ယူစွာနဲ့ ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ကို ခိုင်မာစွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော်အစိုးရကချမှတ်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ တို့တပ်မတော်အနေနဲ့ ကျရာကဏ္ဍကနေပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ လိုအပ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ်။ တို့နိုင်ငံမှာ တိုင်းရင်းသားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူတွေဖြစ်လို့ အရေးကြုံလာရင် ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်ဓာတ်နဲ့ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း တစ်သားတည်း ရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိဖို့ အရေးကြီးဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တယ်ဆိုတာ ပြောကြားလိုတယ်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုတဲ့ စကားအတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေနဲ့အတူ တကက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မိမိတို့ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်ကြောင်း အလေးထား ပြောကြားလိုတယ်။

ဒီလိုတည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အလွန်အရေးကြီးတယ်။ တို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ရင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်တွေအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်တယ်။ ဒ့ါပြင် လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လမ်းစဉ်တွေကြောင့် နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကို ထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းတွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့ လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းထားပြီးဖြစ်တယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထားကြောင်း ထပ်မံအသိပေး ပြောကြားလိုတယ်။

**မြန်မာ့သမိုင်းမှာ အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့တဲ့ ဖြစ်စဉ်တိုင်းမှာ တပ်မတော်အနေနဲ့ အလျှော့ပေးလက်ခံခဲ့တဲ့ အစဉ်အလာမရှိတာကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့နဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ရဲဘော်တို့အနေနဲ့ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြဖို့ အလေးထားမှာကြားလို...**

**ရဲဘော်တို့**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်တွေ ချမှတ်ဆောင်ရွက်ခဲ့တယ်။ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အရ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ အစိုးရကို နိုင်ငံတော်အာဏာလွှဲအပ်နိုင်ရေး ဦးတည်ထားပြီး ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ပြန်လည်ကျင်းပပေးဖို့ တစိုက်မတ်မတ်ချမှတ်ထားတယ်။

နိုင်ငံ့တာဝန် ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ယခုနှစ် ဒီဇင်ဘာလမှာ ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်မှုတွေ ဆောင်ရွက်လျက်ရှိရာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေတွေအပေါ်မူတည်ပြီး ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမှာဖြစ်လို့ လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ တစ်နည်းအားဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ လိုလားချက်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေဖို့နဲ့ ဂုဏ်သိက္ခာရှိတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ ဆောင်ရွက်နေတယ်။

**ရဲဘော်တို့**

တို့တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် တပ်တိုင်းရဲဘော်တိုင်းမှာ **“စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှု”**ဆိုတဲ့ အခြေခံအရည်အချင်း(၅)ပါးနဲ့ ပြည့်စုံဖို့လိုအပ်တယ်။ အဲဒီအခြေခံအရည်အချင်းတွေနဲ့ ပြည့်စုံပြီး အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဖြစ်လာစေဖို့အတွက် **“လေ့ကျင့်ရေးနှင့်တည်ဆောက်၊ အုပ်ချုပ်ရေးနှင့်တည်ဆောက်၊ သက်သာချောင်ချိရေးနှင့်တည်ဆောက်၊ စိတ်ဓာတ်နှင့်တည်ဆောက်”** ဆိုတဲ့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်နဲ့အညီ တည်ဆောက်သွားရမှာဖြစ်တယ်။

တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ဟာ တစ်ခုနဲ့တစ်ခုဆက်စပ်လျက်ရှိပြီး တပ်တွေရဲ့လေ့ကျင့်မှုတွေမှန်ကန်မယ်၊ အုပ်ချုပ်ထောက်ပံ့မှုတွေ ကောင်းမွန်မယ်၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုတွေ ပြည့်ဝနေမယ်ဆိုရင် တပ်ဖွဲ့ဝင်တွေနဲ့ မိသားစုဝင်တွေရဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေအပေါ် ခင်မင်တွယ်တာမှု၊ တပ်မတော်အပေါ် လေးစားယုံကြည်အားကိုးမှု၊ တပ်မတော်နဲ့ နိုင်ငံတော်အတွက် စွန့်လွှတ်အနစ်နာခံလိုမှု စတဲ့စိတ်ဓာတ်ကောင်းတွေ ဖြစ်ပေါ်လာမှာပဲဖြစ်တယ်။ အဲဒီလိုစိတ်ဓာတ်ကောင်းတွေနဲ့အတူ စည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းတဲ့ တပ်ဖွဲ့တစ်ခုကို တည်ဆောက်ထားနိုင်မှသာ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်လာတဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်မှာဖြစ်လို့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အလေးထားဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

တို့တပ်မတော်သားတွေဟာ အများသူငှာ လုပ်ဆောင်နိုင်ဖို့ခက်ခဲတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြရတဲ့သူတွေဖြစ်တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့ အထူးလိုအပ်တယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုဆိုတာ အနိုင်မခံ၊ အရှုံးမပေးချင်တဲ့ စိတ်ဆန္ဒကနေ ဖြစ်တည်လာတာကြောင့် ရဲဘော်တို့အနေနဲ့ **“တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ လျှော့ခက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်”** စတဲ့ တပ်မတော်ရဲ့ စိတ်ဓာတ်တွေကို လေ့ကျင့်မွေးမြူထားကြရမှာဖြစ်တယ်။ ဒါမှသာ နိုင်ငံတော်နဲ့ တပ်မတော်ကပေးအပ်လာတဲ့ တာဝန်တွေကို အသက်ကိုပဓာနမထားဘဲ မဆုတ်မနစ်တဲ့ ဇွဲလုံ့လနဲ့ ကျေပွန်အောင်ထမ်းဆောင်နိုင်မှာဖြစ်တယ်။ အဲဒီလို တာဝန်ထမ်းဆောင်တဲ့အခါမှာ တို့တပ်မတော်ဟာ စည်းကမ်းကိုအခြေပြုပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တာကြောင့် တစ်ဦးချင်းကိုယ်စီစည်းကမ်းလိုက်နာမှုဟာ အရေးကြီးတယ်။ တို့တပ်မတော် ဒီနေ့အချိန်ထိ မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့် ဖြစ်တယ်။ တို့တပ်မတော်သားအားလုံးအနေနဲ့ စစ်သည်တော်ကောင်းတစ်ဦးဖြစ်ဖို့ အခြေခံဖြစ်တဲ့ ကျင့်ဝတ် အပါး ၆၀ ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြရမှာဖြစ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေ၊ နယ်ဘက်ဆိုင်ရာစည်းကမ်းဥပဒေတွေ၊ နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ စစ်ပွဲဆိုင်ရာဥပဒေတွေနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement-ROE)တွေကိုလည်း တိကျစွာလိုက်နာကြဖို့ လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ဥပဒေကိုလေးစားလိုက်နာတဲ့ စစ်သည်တော်ကောင်းတွေဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြဖို့ အလေးအနက်ထားမှာကြားလိုတယ်။

**ရဲဘော်တို့**

ရယူခြင်း၊ ခံစားခြင်းဆိုတာ သက်ရှိသတ္တဝါတိုင်း ပြုမူကြတာဖြစ်ပေမယ့် စွန့်လွှတ်ခြင်းဆိုတာကတော့ မြင့်မြတ်တဲ့ လူသားတချို့သာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်။ အဲဒီအမူအကျင့်တွေနဲ့ ပြည့်ဝနေသူတွေဟာ အများတကာ လုပ်ဆောင်ဖို့ခဲယဉ်းတဲ့ တာဝန်တွေနဲ့ရင်ဆိုင်ကြုံတွေ့လာရချိန်မှာ စွန့်လွှတ်စွန့်စားမှုအပြည့်နဲ့ ဆောင်ရွက်ကြသလို နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လိုအခက်အခဲကိုမှ အမှုမထားဘဲ မိမိအသက်ခန္ဓာကို စွန့်လွှတ်နိုင်တဲ့အထိ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ ပြောင်မြောက်တဲ့သူရသတ္တိတွေနဲ့ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လေ့ရှိကြတယ်။ ဒါတွေဟာ စစ်သည်တော်ကောင်းတစ်ဦးမှာရှိအပ်တဲ့ အရည်အချင်းတွေဖြစ်ပြီး ဒီလိုခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်ဓာတ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို စွမ်းစွမ်းတမံထမ်းဆောင်ရင်း အသက်ခန္ဓာစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေအားလုံးကို ပြည်သူ့သားကောင်းအာဇာနည်တွေအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူကြောင်း ပြောကြားလိုတယ်။ ဒ့ါပြင် လေးချက်သောသစ္စာကို နေ့စဉ်ရွတ်ဆိုပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ရဲဘော်တို့ဟာလည်း အမိနိုင်ငံတော်ရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်ရာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်တွေဖြစ်တဲ့-

- ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက် ပေးရေး။

စတဲ့ ဦးတည်ချက်တွေနဲ့အညီ ပြည်သူလူထုက ယုံကြည်အားထားရတဲ့ တပ်မတော်သားကောင်းတွေအဖြစ် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်မှတ်တမ်းရေးထိုးသွားကြပါလို့ အလေးအနက်ထားမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး နှစ် ၈၀ ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ဦးကျော်စိန်အား ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ငှက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့် ဦးအေးသိန်းအား ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ငှက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၇**

နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယဆင့်နှစ်ဦးနှင့် တတိယဆင့် တစ်ဦး စုစုပေါင်း သုံးဦးတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းမေးမြန်းအားပေးစကားပြောကြားပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကာ တစ်ဦးချင်း ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ငှက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ယခု၂၀၂၅ ခုနှစ်တွင် ကျရောက်သော နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့် ဦးအေးသိန်းသည် အသက် ၉၇ နှစ်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ဦးဘချောသည် အသက်၉၇ နှစ်နှင့် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ဦးကျော်စိန်သည် အသက် ၁၀၀ နှစ်တို့ဖြစ်ကြပြီး ကျန်းမာသန်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်ပြောပြရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၂၇/၂၀၂၅**

၁၃၈၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အောက်ဖော်ပြပါ ကော့သောင်းအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ထိုင်းနိုင်ငံသား လေးဦးနှင့် ဘားအံအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်း သတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်-

(၁) ကသမ/၂၄/၀၀၄၁၆/က Virot Saphanthong Na Nakhon ထိုင်းနိုင်ငံသား၊
(၂) ကသမ/၂၄/၀၀၄၁၇/က Sunan Mongkutton ထိုင်းနိုင်ငံသား၊
(၃) ကသမ/၂၄/၀၀၄၁၈/က Sonpong ထိုင်းနိုင်ငံသား၊
(၄) ကသမ/၂၄/၀၀၄၁၉/က Thavorn ထိုင်းနိုင်ငံသား၊
(၅) ဖအ/၂၅/၀၀၁၀၄/က Mr.Jayson Corprz Jaramilla ဖိလစ်ပိုင်နိုင်ငံသား၊
(၆) ဖအ/၂၅/၀၀၁၁၁/က Mrs.Sun Shine Rivera ဖိလစ်ပိုင်နိုင်ငံသား၊
(၇) ဖအ/၂၅/၀၀၁၁၂/က Mrs. Magdalena Vicente ဖိလစ်ပိုင်နိုင်ငံသား။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEVနှင့်အဖွဲ့ စစ်သမိုင်းပြတိုက်အား လေ့လာ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးနှင့် တွေ့ဆုံ



ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာ ကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၂၇**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ MrPavel Nikoleaevich GUSEV နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရုရှား-မြန်မာ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာသည့် အခြေအနေများ၊ ပြည်သူ့ရေးရာကောင်စီအနေဖြင့် ရုရှားတပ်မတော်နှင့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လေ့လာရေးခရီးစဉ်များအဖြစ် နှစ်နိုင်ငံ လူငယ်များကို အပြန်အလှန်စေလွှတ်ပေးရေးအခြေအနေများနှင့် မြန်မာနိုင်ငံ၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြည်သူ့ရေးရာကောင်စီမှ လာရောက်လေ့လာနိုင်သည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ပြခန်းများကို လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ)



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ရေးရာကောင်စီဥက္ကဋ္ဌ Mr. Pavel Nikoleaevich GUSEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ ပြခန်းများကို လေ့လာကြစဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် မတ် ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့ကို အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ် ၂၇ ရက်မှ ၃၁ ရက်ထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုံခြုံရေးကင်းလှည့် RGC ရထားကို လက်နက်ငယ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၇

ယနေ့ ဖြူး- တောင်ငူလမ်းပိုင်း လုံခြုံရေးစစ်ဆေးသည့် RGC-125 သည် ညောင်ခြေထောက်ဘူတာမှ နံနက် ၇ နာရီ ၃၆ မိနစ်တွင် ထွက်ခွာလာပြီး ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား မိုင်တိုင်အမှတ် ၁၄၄/၁၀-၁၁ ခန့်အရောက် နံနက် ၇ နာရီ မိနစ် ၅၀ တွင် သံလမ်းအနောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းဘက်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်သဖြင့် RGC 125 စက်ခေါင်း၏ အနောက်ဘက်မှန် တစ်ချပ်ကွဲပြီး အနောက်ဘက်သံပေါင်တွင် ကျည်ထိမှန်ခဲ့ကြောင်းနှင့် အဆိုပါ ပစ်ခတ်မှုကြောင့် စက်ခေါင်းမောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

ထို့အတူ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲဘူတာအကြား မိုင်တိုင်အမှတ် ၁၄၄/၁၀-၁၁ နေရာရှိ အဆန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အဆန်ရထားလမ်း ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းအရ ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲရထားလမ်းပိုင်းကို ဧကလမ်းစနစ်အသုံးပြု၍ အစုန်လမ်းမှ နံနက် ၉ နာရီ ၁၈ မိနစ်တွင် ရထားများကို ဖြတ်သန်းခွင့်ပြုထားကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အဆန်လမ်းရှိ အနောက်ဘက်သံလမ်း ၁၀ ပေခန့် တွန့်ခေါက်သွားပြီး လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ ပျက်စီးခဲ့သည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးစစ်ဆေးဆောင်ရွက်ခဲ့ပြီး အဆန်လမ်း၏ သံလမ်းကို လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို ည ၆ နာရီတွင် အပြီးဆောင်ရွက်နိုင်ခဲ့ပြီး အဆန်ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း အကြိမ် ၈၀၊ ရထားတံတား၊ သံလမ်းများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ (မြဝတီ)




ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လုံခြုံရေးကင်းလှည့် RGC ရထားကို လက်နက်ငယ်ဖြင့်ပစ်ခတ်မှုကြောင့် အနောက်ဘက်မှန်ကွဲ ထိခိုက်မှုကိုတွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ညောင်ခြေထောက်နှင့် ကျွဲပွဲဘူတာအကြား အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုကို တွေ့ရစဉ်။



အဆန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်က အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၇

မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်ကကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား၃၆၅ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရေး၊ စာရင်းဇယားအချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေးနှင့် ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး အစရှိသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၈၆၇၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၈၆၇၀ တို့သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ်စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကာ၊ ရိုမေးနီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# SCIENCE AND TECHNOLOGY

## ဂိုဘီသဲကန္တာရဒေသ၌ ထူးဆန်းသော ဒိုင်နိုဆောမျိုးစိတ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**တိုကျို မတ် ၂၇**

မွန်ဂိုလီးယားနိုင်ငံ ဂိုဘီသဲကန္တာရဒေသ၌ ထူးဆန်းသော ဒိုင်နိုဆောမျိုးစိတ် တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၆ ရက်သတင်းများအရ သိရသည်။

Dounychus Tsogtbaatari ဟူ၍ အမည်ပေးထားသော အဆိုပါ ဒိုင်နိုဆောသည် လက်ချောင်းနှစ်ချောင်းပါ လက်တံများ ပိုင်ဆိုင်ထားပြီး အဆိုပါလက်ချောင်းများ၌ ကြောက်မက်ဖွယ်ကောင်းသော လက်သည်းကြီးနှစ်ချောင်း ပါဝင်ကြောင်း ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

Dounychus Tsogtbaatari ဒိုင်နိုဆောသည် အရွယ်အစားအားဖြင့် ကိုယ်ထည်အလျား ၁၀ ပေနှင့် ကိုယ်အလေးချိန် ၅၇၅ ပေါင်ရှိကြောင်း သိရသည်။

Dounychus Tsogtbaatari ဒိုင်နိုဆောများ၏ လက်သည်းများသည် အရှည် စင်တီမီတာ ၃၀ ထိ ရှိကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Dounychus Tsogtbaatari ဒိုင်နိုဆောများသည် လွန်ခဲ့သော နှစ်ပေါင်း ၉၅ သန်းနှင့် သန်း ၉၀ ကြား ခရီတေးစီးယပ်စ် ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသော ဒိုင်နိုဆောများဖြစ်ကြသည်။

ရှေးအကျဆုံး ဒိုင်နိုဆောများသည် လူသားများကဲ့သို့ပင် လက်တံများ၌ လက်ချောင်းငါးချောင်းထိ ပါဝင်သော်လည်း နောက်ပိုင်းတွင် ဆင့်ကဲဖြစ်စဉ်သဘောအရ ဒိုင်နိုဆောများ၏ လက်ချောင်း အရေအတွက်လည်း ကျဆင်းခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## အမေရိကန်နိုင်ငံ ပရင့်စတန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ကမ္ဘာဂြိုဟ်၏ မွှတ်မွှတ်လည်မှုနှုန်းကိုအသုံးချ၍ လျှပ်စစ်ဓာတ်အားအနည်းငယ်မျှ ထုတ်ယူနိုင်ခဲ့

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်နိုင်ငံ ပရင့်စတန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကမ္ဘာဂြိုဟ်၏မွှတ်မွှတ်လည်မှုနှုန်းကို အသုံးချ၍ လျှပ်စစ်ဓာတ်အားအနည်းငယ်မျှ ထုတ်ယူနိုင်ခဲ့ကြောင်း မတ် ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် မဂ္ဂနီ-ဇင့်ဖားရိုက် သတ္တုဖြင့် ပြုလုပ်ထားသော အရှည် ၂၉ စင်တီမီတာရှိသည့် ဒုလုံးရှည်ပြွန်ချောင်းတစ်ခုကို အသုံးပြု၍ ကမ္ဘာဂြိုဟ် မွှတ်မွှတ်လည်မှုမှ တစ်ဆင့် လျှပ်စစ်ဓာတ်အား ၁၉ မိုက်ခရိုဗို့ထိ ရယူနိုင်ခဲ့ကြောင်း သိရသည်။

မိမိတို့ ထုတ်လုပ်နိုင်သော လျှပ်စစ်ဓာတ်အား ပမာဏမှာ နည်းပါးသော်လည်း ကမ္ဘာဂြိုဟ်၏မွှတ်မွှတ်လည်မှုကို အသုံးပြု၍ သန့်ရှင်းသည့်စွမ်းအင်များ အကန့်အသတ်မရှိ ထုတ်ယူနိုင်ရေးအတွက် လမ်းစဖွင့်ပေးနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



ကမ္ဘာဂြိုဟ်၏ မွှတ်မွှတ်လည်မှုမှ လျှပ်စစ်ဓာတ်အားထုတ်ယူရေးသဘောတရားမှာ အသစ်အဆန်းမဟုတ်ဘဲ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ရှိခဲ့သော သဘောတရားတစ်ရပ်ဖြစ်သည်။

ကမ္ဘာဂြိုဟ်သည် ကိုယ်ပိုင်သံလိုက်စက်ကွင်းဖြင့် အဆက်မပြတ် မွှတ်မွှတ်လည်နေသော ဂြိုဟ်တစ်စင်းဖြစ်သည်။

သံလိုက်စက်ကွင်းနှင့်သံလိုက်တို့ကြား အရာဝတ္ထုတစ်ခု၏ အလျင် အပြောင်းအလဲသည် လျှပ်စစ်ဓာတ်အားကို ဖန်တီးပေးနိုင်သည်ဟု သိပ္ပံပညာရှင်များက ရှေးယခင်ကပင် ပြောကြားထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာကျွမ်းကျင်သူများက SLS ဒုံးပျံ ပင်မကိုယ်ထည်၌ ဘေးတွဲဒုံးကန်အားစနစ်များကို အပြီးသတ်တပ်ဆင်ထား

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ကျွမ်းကျင်သူများသည် SLS ဒုံးပျံ ပင်မကိုယ်ထည်၌ ဘေးတွဲဒုံးကန်အားစနစ်များကို အပြီးသတ်တပ်ဆင်ထားပြီဖြစ်ကြောင်း မတ် ၂၆ ရက် သတင်းများအရ သိရသည်။

တစ်ခုလျှင် ၁၇၇ ပေအရှည်ရှိ အထက်ပါ ဘေးတွဲဒုံးကန်အားစနစ်နှစ်ခုသည် SLS ဒုံးပျံ၏တွန်းပင့်အား သုံးပုံတစ်ပုံကို ထုတ်ပေးမည်ဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အားတီးမစ်-၂ မစ်ရှင်ဖြင့် အိုရီယွန် အာကာသ လူသယ်ယာဉ်ကို လွှတ်တင်ရာတွင် SLS ဒုံးပျံကို အသုံးပြုရန် စီစဉ်ထားသည်။

အားတီးမစ်-၂ မစ်ရှင်ဖြင့် လကမ္ဘာအနီးသို့ လွှတ်တင်မည့် အိုရီယွန် အာကာသလူသယ်ယာဉ်ဖြင့် အာကာသယာဉ်မှူး လေးဦး လိုက်ပါသွားမည်ဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် အိုရီယွန် အာကာသလူသယ်ယာဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် လွှတ်တင်ခဲ့သည်။

အားတီးမစ်-၂ မစ်ရှင်ကိုမူ ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## နှလုံးကျန်းမာရေးပြဿနာတစ်မျိုးအတွက် ကုထုံးသစ်တစ်မျိုးကို FDA သုံးစွဲခွင့်ပြု

**နယူးယောက် မတ် ၂၇**

ATTR-CM အမည်ရှိ နှလုံးကျန်းမာရေးပြဿနာ တစ်မျိုးအတွက် ကုထုံးသစ်တစ်မျိုးကို အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ(FDA) က သုံးစွဲခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မတ် ၂၆ ရက် သတင်းများအရ သိရသည်။

Amvuttra (Vutrisiran) အမည်ရှိ အထက်ပါထိုးဆေးကို အမေရိကန်အခြေစိုက် Alnylam ဆေးကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။

ATTR-CM ပြဿနာသည် နှလုံးအတွင်း ပရိုတင်းများစုစည်းမှုကြောင့် နှလုံးအနေဖြင့် သွေးညှစ်ထုတ်ရန် ပိုမိုခက်ခဲလာချိန်တွင် ပေါ်ပေါက်လာတတ်သော နှလုံးကျန်းမာရေးပြဿနာဖြစ်သည်။

စမ်းသပ်မှုရလဒ်များအရ Amvuttra ဆေးသည် ATTR – CM ပြဿနာပေါ်လာနိုင်ခြေကို ၂၈ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် Amvuttra ထိုးဆေးမှာ ဈေးနှုန်းကြီးမြင့်ပြီး တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၁၉၀၀၀ ထိ ကုန်ကျမည်ဖြစ်သည်။

Amvuttra ထိုးဆေးကို သုံးလလျှင်တစ်ကြိမ်ထိုးနှံရန် လိုအပ်သည်ဖြစ်ရာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၇၆၀၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ရိုးစင်းသောလမ်းလျှောက်လေ့ကျင့်ခန်းက ကိုယ်အလေးချိန်လျှော့ချရေးနှင့် အသက်ရှည်ရေးတို့ကို အကျိုးပြုနိုင်

**တိုကျို မတ် ၂၇**

ရိုးစင်းသော လမ်းလျှောက်လေ့ကျင့်ခန်း ပုံစံတစ်မျိုးသည် ကိုယ်အလေးချိန် လျှော့ချရေးနှင့် အသက်ရှည်ရေးတို့ကို အကျိုးပြုနိုင်ကြောင်း သုတေသန ပညာရှင်များက မတ် ၂၆ ရက်တွင် ပြောကြားသည်။

Interval Walking Training (IWT) ခေါ် အဆိုပါလမ်းလျှောက်နည်းအရ သုံးမိနစ်အနှေးလျှောက်ပြီးနောက် သုံးမိနစ်အမြန်လျှောက်ရမည်ဖြစ်ပြီး သုံးမိနစ်ကြာအနှေးလျှောက်မှု ထပ်မံပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

IWT လမ်းလျှောက်နည်းပုံစံသည် အပြေးလေ့ကျင့်ရေးစက်ပေါ်၌ အပြေးလေ့ကျင့်သည်ထက် ပို၍ ရောဂါဘယများ ဝင်ရောက်နိုင်ခြေ၊ သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဂျပန် သုတေသန ပညာရှင်များက ပြောကြားသည်။

သုံးမိနစ်ကြာ အနှေးလျှောက်ပြီးနောက် သုံးမိနစ်ကြာ အမြန်လျှောက်ခြင်းဖြင့် နှလုံးခုန်နှုန်းမြင့်တက်လာပြီး ကယ်လိုရီလောင်ကျွမ်းနိုင်စွမ်းလည်း မြင့်တက်လာကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

IWT လမ်းလျှောက်လေ့ကျင့်ခန်းကို အနည်းဆုံး သီတင်းတစ်ပတ်လျှင် ငါးကြိမ်၊ တစ်ကြိမ်လျှင် ၂၄ မိနစ်ကြာ အချိန်ယူပြုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဂျပန် သုတေသနပညာရှင်များသည် IWT လမ်းလျှောက်နည်းကို သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်း ၆၄၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ဘက်ပေါင်းစုံတွင် ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းနေသော ပါကစ္စတန်နှင့် တူကီယဲ

တူကီယဲသမ္မတ ရီဆက်တေယစ်အာဒိုဂန်သည် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းစေရန် ယခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၃ ရက်ထိ ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ နှစ်နိုင်ငံသည် ၇ ကြိမ်မြောက် ပါကစ္စတန်-တူကီယဲ အဆင့်မြင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အစည်းအဝေးကာလအတွင်း သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာ(MOU) ၂၄ ခုကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အာဒိုဂန်၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား ခိုင်မာအားကောင်းသည့် ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းအောင် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။ အထူးသဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကာကွယ်ရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာအားကောင်းလာစေရန်ဖြစ်သည်။

> ❖ပါကစ္စတန်နှင့်တူကီယဲတို့အကြား မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက် ၂၄ ခုသည် ဆက်ဆံရေးပိုမိုနက်ရှိုင်းလာစေရန် ကတိကဝတ်ပြန်လည်ချမှတ်ခြင်းပင်ဖြစ်သည်။ ကာကွယ်ရေး၊ စွမ်းအင်နှင့် နည်းပညာနယ်ပယ်တို့တွင် အသစ်ထပ်မံပူးပေါင်းဆောင်ရွက်ခြင်းနှင့်အတူ သဘောတူညီချက်များကို စောင့်ကြည့်သွားမည့် အဆင့်မြင့်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(HLSCC)သည် နှစ်နိုင်ငံစလုံး၏စီးပွားရေးကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။ ❖

**ကုန်သွယ်မှုမြှင့်တင်ခြင်း**

အာဒိုဂန်၏ခရီးစဉ်မှ ထွက်ပေါ်လာသော အဓိကအချက်သည် နှစ်စဉ်နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ ၅ ဘီလီယံထိတိုးမြှင့်သွားမည့်ရည်မှန်းချက် အသစ်ပင်ဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံထိ တိုးတက်လာခဲ့သည်။

ပါကစ္စတန်နှင့် တူကီယဲနိုင်ငံတို့အကြား ကုန်သွယ်မှုသည် တိုးတက်လျက်ရှိသော်လည်း အရှိန်အဟုန်ဖြင့်တိုးတက်ခဲ့ခြင်းတော့မရှိပေ။ ၂၀၁၈ ခုနှစ်တွင် တူကီယဲနိုင်ငံသို့ ပါကစ္စတန်၏ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၄၉ သန်းခန့်သာရှိခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅၇ သန်းအထိမြင့်တက်လာခဲ့ပြီး တူကီယဲ၏ပါကစ္စတန်သို့ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၆၆ သန်းရှိလာခဲ့သည်။ ထိုသို့ ပုံမှန်တိုးတက်လာခဲ့သော်လည်း နှစ်စဉ်တိုးတက်မှုနှုန်းသည် ၅ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိပြီး အမေရိကန်ဒေါ်လာ ၅ ဘီလီယံထိတိုးတက်လာရေးသည် အချိန်ယူသွားရဦးမည်ဖြစ်သည်။

ပါကစ္စတန်နှင့် တူကီယဲနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်တွင် ဦးစားပေးကုန်စည်များအပေါ် အခွန်ကင်းလွတ်ခွင့်သဘောတူညီချက်(PTA)ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသဘောတူညီချက်စာချုပ်အရ တူကီယဲနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့်စက်မှုထုတ်ကုန်များအပါအဝင်ပါကစ္စတန်ထုတ်ကုန် ၂၆၁ မျိုးကိုအခွန်လျှော့ပေါ့ခွင့်ပြုပေးခဲ့သလို ပါကစ္စတန်နိုင်ငံကလည်း တူကီယဲထုတ်ကုန် အမည် ၁၃၀ ကို အခွန်လျှော့ချခွင့်ပြုခဲ့သည်။ ထိုသို့အခွန်လျှော့ချခြင်းသည် ကုန်သွယ်မှုပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် နှစ်ဖက်စလုံးကို ပိုမိုအကျိုးဖြစ်ထွန်းစေရန်ပင်ဖြစ်သည်။

အခြားသဘောတူညီချက်တစ်ရပ်မှာ အထူးစီးပွားရေးဇုန်(SEZs)များထူထောင်သွားရန်ပင် ဖြစ်သည်။ သတ်မှတ်ထားသည့်နေရာများတွင်အကောင်အထည်ဖော်မည့် စီးပွားရေးလုပ်ငန်းများသည် အခွန်ခေတ္တဆိုင်းငံ့ခွင့်နှင့် လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူခြင်းကဲ့သို့သော အားပေးမှုမက်လုံးများရရှိသွားမည်ဖြစ်သည်။ တူကီယဲနိုင်ငံသည် ဆောက်လုပ်ရေး၊ သတ္တုတွင်းလုပ်ငန်းနှင့် စက်မှုဆိုင်ရာတိုးတက်မှုတို့တွင် စံချိန်တင်ထားလျက်ရှိသောကြောင့် တူကီယဲကုမ္ပဏီများသည် SEZs များတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ပြီး ပါကစ္စတန်၏စက်မှုနှင့် အခြေခံအဆောက်အအုံစွမ်းဆောင်ရည်များကို တိုးမြှင့်ကူညီသွားမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဘီလီယံရောက်ရှိရန် သည် မလွယ်ကူသောကိစ္စပင်ဖြစ်သည်။ တူကီယဲသို့တင်ပို့သည့် ပါကစ္စတန်၏ပို့ကုန်သည် အမြဲတစေ နည်းပါးသောအခြေအနေတွင်ရှိနေပြီး အနည်းငယ်သော ကဏ္ဍများတွင်သာ အာရုံစိုက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်သည် တူကီယဲသို့ အမေရိကန်ဒေါ်လာ ၄၅၇ သန်း တန်ဖိုးရှိသော ကုန်စည်များရောင်းချခဲ့ရာ အထည်အလိပ်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၅၄ သန်းရှိခဲ့သဖြင့် ပို့ကုန်တန်ဖိုးအားလုံး၏ထက်ဝက်ကျော်ရှိနေသည်။ ပါကစ္စတန်အနေဖြင့် ကုန်သွယ်မှုတန်ဖိုးသိသိသာသာတိုးတက်ရန်အတွက် နယ်ပယ်သစ်များထို့ချဲ့သွားရန် လိုအပ်ပေသည်။ သို့သော် တူကီယဲ၏ ပါကစ္စတန်သို့တင်ပို့သည့် ပို့ကုန်များသည် တန်ဖိုးနှင့်အရေအတွက်များပြားလျက်ရှိပြီး အင်ဂျင်များနှင့်အခြားသောစက်အစိတ်အပိုင်းများ၊ အထည်အလိပ်ကုန်ကြမ်းများ၊ ရော်ဘာနှင့် ပလတ်စတစ်ကဲ့သို့သောဓာတုကုန်ကြမ်းများနှင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များထိပါဝင်သည်။

ဆိုရလျှင် ပါကစ္စတန်ပို့ကုန်လုပ်ငန်းရှင်များသည် မြင့်မားသည့်အခွန်စည်းကြပ်မှုများကဲ့သို့သော အတားအဆီးများကိုရင်ဆိုင်ရလျက်ရှိသည်။ ၂၀၂၂ ခုနှစ်တွင် ကုန်ကြမ်းများအတွက်ပျမ်းမျှ အခွန် ၈ ရာခိုင်နှုန်းနှင့် တန်ဖိုးမြင့်အထည်အလိပ်ထုတ်ကုန်များအတွက် ၁၂ ရာခိုင်နှုန်းပေးဆောင်ခဲ့ရပြီး ၂၀၂၃ ခုနှစ်တွင် အထည်အလိပ်ထုတ်ကုန်များအတွက် အခွန် ၁၆၆ ဒသမ ၇ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ထို့ပြင် တူကီယဲနိုင်ငံ၏တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများကို လည်း ရင်ဆိုင်ကျော်လွှားရလျက်ရှိသည်။ သာဓကအနေဖြင့် ဂျင်းအဝတ်အထည်ထုတ်ကုန်များသည် အခွန်ပိုမိုပေးဆောင်ရသဖြင့် တူကီယဲဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးလျက်ရှိသည်။

အမှန်တော့ ပါကစ္စတန်နှင့် တူကီယဲနိုင်ငံတို့သည် ၁၉၅၀ ပြည့်လွန်နှစ်များကတည်းက နှစ်နိုင်ငံ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၆၅ ခုနှစ် ကုန်သွယ်မှုသဘောတူညီချက်၊ တူကီယဲ-ပါကစ္စတန် ပူးတွဲစီးပွားရေးကော်မရှင် ထူထောင်နိုင်ခဲ့သည့် ၁၉၇၆ ခုနှစ် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်၊ ၁၉၈၈ ခုနှစ် အခွန်နှစ်ထပ်ပေးဆောင်ရမှုတားဆီးရေးသဘောတူညီချက်နှင့် ၁၉၉၇ ခုနှစ် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ကာကွယ်ရေးသဘောတူညီချက်များအပါအဝင် သဘောတူညီချက်များစွာကိုလက်မှတ်ရေးထိုးထားရှိသည်။

သို့သော် အဆိုပါသဘောတူညီချက်များသည် ခိုင်မာအားကောင်းသော နိုင်ငံရေးဆန္ဒမှသည် စီးပွားရေးဆိုင်ရာဆက်ဆံရေးများ တိုးတက်လာစေရန်ဗန်းပြထားခြင်းဖြစ်သည်။ အဆိုပါစာချုပ်များ အကောင်အထည်ဖော်နိုင်မှုသည် ဗျူရိုကရေစီဆန်သောနှေးကွေးမှုများ၊ လိုက်ပါဆောင်ရွက်မှုအားနည်းခြင်းနှင့် စီးပွားရေးဆိုင်ရာဦးစားပေးလုပ်ငန်းများကိုပြောင်းလဲလာသောကြောင့် တိုးတက်မှုနှေးကွေးနေခဲ့သည်။

ပါကစ္စတန်နှင့်တူကီယဲတို့အကြား မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက် ၂၄ ခုသည် ဆက်ဆံရေးပိုမိုနက်ရှိုင်းလာစေရန် ကတိကဝတ် ပြန်လည်ချမှတ်ခြင်းပင်ဖြစ်သည်။ ကာကွယ်ရေး၊ စွမ်းအင်နှင့် နည်းပညာနယ်ပယ်တို့တွင် အသစ်ထပ်မံပူးပေါင်းဆောင်ရွက်ခြင်းနှင့်အတူ သဘောတူညီချက်များကို စောင့်ကြည့်သွားမည့် အဆင့်မြင့်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(HLSCC)သည် နှစ်နိုင်ငံစလုံး၏စီးပွားရေးကိုပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။

**ကာကွယ်ရေးတွင်ရင်းနှီးမြှုပ်နှံခြင်း**

တူကီယဲ၏ရင်းနှီးမြှုပ်နှံမှုများသည် ဆောက်လုပ်ရေး၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ကုန်ထုတ်လုပ်မှုနှင့် မော်တော်ကားစက်မှုလုပ်ငန်းကဲ့သို့သော အဓိကကဏ္ဍများအပါအဝင် ပါကစ္စတန်ရှိ ကဏ္ဍများစွာတွင် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ တူကီယဲသည် အဆိုပါနယ်ပယ်များတွင် စွမ်းဆောင်ရည်ကြီးမားပြီး ၎င်း၏ကုမ္ပဏီများသည် ပါကစ္စတန်၏ SEZs များတည်ဆောက်ရာတွင် အကူအညီပေးအပ်နိုင်သောကြောင့် စက်မှုလုပ်ငန်းစွမ်းဆောင်ရည်နှင့် ချိတ်ဆက်မှုများ တိုးတက်လာစေနိုင်မည်ဖြစ်သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ထုတ်လုပ်မှုတို့တွင် တူကီယဲ၏ကျွမ်းကျင်မှုများနှင့်အတူ ပူးတွဲစီမံကိန်းများသည် ပါကစ္စတန်နိုင်ငံကို ကာလရှည်ကြာကြုံတွေ့နေရသော စွမ်းအင်အကျပ်အတည်းများကိုကိုင်တွယ်ဖြေရှင်းရာတွင် အကူအညီပေးသွားနိုင်မည်ဖြစ်သည်။ အလားတူ တူကီယဲနှင့် ပါကစ္စတန်တို့သည် စွမ်းအင်ကဏ္ဍတွင် စက်ရုံများထူထောင်နိုင်သည့်အပြင် ပူးတွဲရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နိုင်သောကြောင့် နည်းပညာအဆင့်မြှင့်တင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

နှစ်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက်ဆက်ဆံရေးမြှင့်တင်သွားရန်နှင့် ပါကစ္စတန်၏ ကာကွယ်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်သွားရန်ရည်မှန်းလျက် ကာကွယ်ရေးနှင့်စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများခိုင်မာအားကောင်းအောင်လည်း လုပ်ဆောင်လျက်ရှိသည်။ ကုန်သွယ်မှုစီးပွားရေးလုပ်ငန်းအရ တူကီယဲနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်သို့ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၅ သန်းတန်ဖိုးရှိသော လက်နက်နှင့်ခဲယမ်းများတင်ပို့ခဲ့သည်။ ၎င်းကိန်းဂဏန်းများသည် ပိုမိုတိုးတက်လာမှုကိုပြသလျက်ရှိပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တူကီယဲနိုင်ငံ၏ လက်နက်တင်ပို့မှုသည် ၆၉ ရာခိုင်နှုန်းတိုးတက်လာခဲ့သော ကြောင့် ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့မှု၌ သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်လာကြောင်း စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျု(SIPRI)ကဖော်ပြထားသည်။

နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသည် ပူးတွဲစစ်လက်နက်ပစ္စည်းထုတ်လုပ်မှုတို့လည်း လွှမ်းခြုံပါဝင်သည်။ ထိုသို့ပူးတွဲထုတ်လုပ်ခြင်းသည် ပါကစ္စတန်၏စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်မှုကို သိသိသာသာ အထောက်အကူပြုစေမည်ဖြစ်သည်။ အထူးသဖြင့် ရေတပ်နှင့် လေကြောင်းအာကာသ နယ်ပယ်များကို အထောက်အကူပြုစေမည်ဖြစ်သည်။ သာဓကတစ်ရပ်မှာ KAAN ဂျက်တိုက်လေယာဉ်ထုတ်လုပ်မည့်ပူးတွဲစက်ရုံထူထောင်မှုပင်ဖြစ်ပြီး ၎င်းတိုက်လေယာဉ်များကို ယခင်က TF-X ဟုလူသိများခဲ့သည်။ တချို့သောစာချုပ်များသည် ပြင်ပအကြောင်းတရားများကြောင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရလျက်ရှိသော်လည်း နှစ်နိုင်ငံသည် T129 ATAK ရဟတ်ယာဉ်များကဲ့သို့သော ပလက်ဖောင်းများဝယ်ယူရေးကိုလည်း ဆွေးနွေးလျက်ရှိသည်။

တူကီယဲနိုင်ငံသည် ပါကစ္စတန်၏ရေတပ် အဆင့်မြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ သိသာထင်ရှားသော စီမံကိန်းတစ်ခုသည် တူကီယဲ၏ MILGEM ဒီဇိုင်းကို အခြေခံလျက် ပါကစ္စတန်ရေတပ်အတွက် Babur အတန်းအစား ကော်ဗက်စစ်ရေယာဉ် လေးစီးတည်ဆောက်မှုပင်ဖြစ်သည်။ အဆိုပါအဆင့်မြင့်စစ်ရေယာဉ်များကို ပူးတွဲတည်ဆောက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလျှင် နှစ်စီးစီတည်ဆောက်သွားမည်ဖြစ်သောကြောင့် ပါကစ္စတန်၏ပင်လယ်ရေကြောင်း ကာကွယ်ရေးစွမ်းဆောင်ရည်များကိုမြှင့်တင်သွားနိုင်မည်ဖြစ်သည်။

ထို့ပြင် တူကီယဲနိုင်ငံသည် ပါကစ္စတန်၏ ရေငုပ်သင်္ဘော ရေယာဉ်စုအဆင့်မြှင့်တင်ရာတွင်လည်း ပံ့ပိုးကူညီလျက်ရှိသည်။ တူကီယဲ ကာကွယ်ရေးကုမ္ပဏီ STM သည် ပါကစ္စတန်၏ Agosta 90B အတန်းအစားရေငုပ်သင်္ဘောများကို ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိသောကြောင့် ခေတ်မီစနစ်များပေါင်းစပ်တပ်ဆင်မှုများအပြင် ရေငုပ်သင်္ဘောများ၏ တာဝန်ထမ်းဆောင်နိုင်မှုသက်တမ်းနှင့် ထိရောက်မှုတို့ကိုလည်းတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ပါကစ္စတန်နှင့် တူကီယဲတို့အကြား မကြာသေးမီကချုပ်ဆိုခဲ့သော သဘောတူညီချက်များသည် ပါကစ္စတန်၏ပထဝီနိုင်ငံရေးဆိုင်ရာ အခင်းအကျင်းကိုပြန်လည် ပုံဖော်တည်ဆောက်သွားမည့်အလားအလာရှိနေသောကြောင့် ပင်လယ်ကွေ့နိုင်ငံများ၊ အနောက်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယတို့နှင့်ဆက်ဆံရာတွင် အတိုင်းအတာတစ်ခုထိ ဟန်ချက်ပြန်လည်ထိန်းညှိ လာနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- Pakistan–Turkiye Agreements:New Era of Cooperation or More Symbolic Diplmacy? By The Diplomat.

**မောင်စိန်အိ(နဘဲမြေ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၂ ဒသမ ၂၄ တင်းထွက်ရှိ



**စစ်ကိုင်း မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၈၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၂ ဒသမ ၂၄ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မတ်ပဲ ၁၉၈၅ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# အုတ်ဖိုမြို့နယ် ကျွန်းကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အုတ်ဖို မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျွန်းကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ကျွန်းကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၁ ဒသမ ၅ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့လွယ်ကူစွာ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ပြောပြ၍ သိရသည်။ **အေးမြတ်**

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲမှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ အေတီကိုအသင်း၊ ကိုမိုအသင်း၊ ဝုဖ်ဘတ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဒီတစ်ပတ်စနေနေ့ညမှာတော့ အမှတ်ပေးပြိုင်ပွဲတွေ ပြန်လည်ယှဉ်ပြိုင်မှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကိုကြည့်ရှုရအုံးမှာပါ။ ပြီးခဲ့တဲ့တစ်ပတ်မှာတော့ နိုင်ငံတကာပွဲတွေရှိခဲ့တာကြောင့် ကလပ်အသင်းပွဲတွေကို ရပ်နားထားပြီး ကလပ်အသင်းက ခြေစွမ်းပြကစားသမားတွေဟာ နိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ကစားခဲ့ရတာကို တွေ့ရမှာပါ။ ဒါကြောင့် ဒီတစ်ပတ်ပွဲတွေမှာ အဓိကကစားသမားတွေ ပွဲပန်းမှုနဲ့ ဒဏ်ရာပြဿနာရှိနေမှာဖြစ်လို့ သတိထားချဉ်းကပ်သွားရမှာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ အသင်းကြီးတွေ ထင်သလောက်ရလဒ်မကောင်းခဲ့ဘဲ အိမ်ကွင်းအားသာချက်နဲ့ အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းတွေသာ နိုင်ပွဲရှာတွေခဲ့တာကို တွေ့ရမှာပါ။ ဒီတစ်ပတ်မှာတော့ ဒဏ်ရာရကစားသမားများတဲ့ အသင်းတွေကိုရှောင်ပြီး အသင်းလိုက်စုဖွဲ့မှုနဲ့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းတွေကိုပဲ ရွေးချယ်ရမှာပါ။

### အေတီကိုအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ စပိန်လာလီဂါ အမှတ်ပေးပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အက်စ်ပန်ညိုအသင်းနဲ့ အေတီကိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အက်စ်ပန်ညိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ မာယော့ကာအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပြီး အဲဒီပွဲမှာ သူတို့အသင်း တိုက်စစ်ပိုင်းက ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်မှ မလုပ်နိုင်သလို ခံစစ်ပိုင်းကလဲ ပွဲချိန်ကြာလာတာနဲ့ ကစားပုံကျဆင်းသွားတာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ ခံစစ်က တီဂျာရိုနဲ့ ကွင်းလယ်က ဂရာဂျာရာတို့ ဒဏ်ရာကြောင့် မပါနိုင်လို့ ကစားကွက်ပိုင်းလိုအပ်ချက်ရှိနေပြီး တိုက်စစ်ကောင်းတဲ့အသင်းတွေကို အလွယ်တကူ ဂိုးပေးနေရတာကို သတိပြုရမှာပါ။ နည်းပြဂွန်ဇာလက်ဇ်ကတော့ ၄-၄-၂ ကစားကွက်ကို ပုံမှန်အသုံးပြုပြီး ခံစစ်အသားပေးကစားနေပေမဲ့ တိုက်စစ်ပိုင်းက အဆုံးအဖြတ်ပွဲတွေမှာ ဂိုးသွင်းဖို့ ရုန်းကန်နေရလို့ လက်ရှိအမှတ်ပေးဇယား အဆင့်(၁၅) မှာရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပွဲစဉ် ၂၇ ပွဲအပြီးမှာ ရမှတ် ၂၈ မှတ်ရခဲ့ပေမဲ့ တန်းဆင်းဇုန်က လီဂါနက်စ်အသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟနေလို့ တန်းဆင်းဇုန်ဖိအားရှိနေတာဖြစ်ပါတယ်။

အေတီကိုအသင်းဟာ အခုနှစ်အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ကောင်းခဲ့တာကြောင့် ရမှတ် ၅၆ မှတ်ထိရယူနိုင်ခဲ့ပြီး အဆင့်(၃) မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရမဲ့ အခွင့်အရေးတွေရှိခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဘာစီလိုနာအသင်းကို လေးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် ချန်ပီယံဆု စိန်ခေါ်နိုင်ဖို့ အခက်တွေ့ခဲ့တာကို တွေ့ရမှာပါ။ နည်းပြ ဆီမြွန်နီဟာ အခုနှစ်မှာ တိုက်စစ်က အယ်ဗာရက်ဇ်ကို ခေါ်ယူပြီးနောက်ပိုင်း အကောင်းဆုံးအသုံးပြုနိုင်ခဲ့လို့ ကစားသမားအနေနဲ့ အမှတ်ပေးပွဲမှာ သွင်းဂိုး ၁၁ ဂိုးနဲ့ ဂိုးဖန်တီးမှု နှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ တိုက်စစ်ပိုင်းမှာလဲ အယ်ဗာရက်ဇ်ဟာ ဆိုးလော့နဲ့ အတွဲဖက်မိနေပြီး အသင်းအတွက် အရေးပါတဲ့ ဂိုးတွေ သွင်းယူနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ ရီးရဲလ်မက်ဒရစ်၊ ဂီတာဖေး၊ ဘာစီလိုနာတို့နဲ့ ပွဲကျပ်ကစားခဲ့ရလို့ ရှုံးခဲ့ပေမဲ့ တိုက်စစ်ပိုင်းကတော့ ပွဲတိုင်းဂိုးရခဲ့ပြီး ကစားပုံကောင်းခဲ့တာဖြစ်ပါတယ်။ အေတီကိုအနေနဲ့ ချန်ပီယံလိဂ်ပွဲက ထွက်ခွာခဲ့ရတာကြောင့် အမှတ်ပေးပွဲကိုသာ အာရုံစိုက်ပြီး အသင်းငယ်နဲ့ တွေ့ချိန်မှာ ရမှတ်ရှာဖွေရမှာပါ။ ဒါကြောင့် အက်စ်ပန်ညိုလို ကစားပုံကျဆင်းနေတဲ့အသင်းကို ဖိအားပေးကစားနိုင်မှာဖြစ်လို့ တိုက်စစ်ထက်မြက်နေတဲ့ အေတီကိုအသင်း ရလဒ်ကောင်းမှာပါ။

**အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၂ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၁ | ဘီလ်ဘာအို |
| အလာဗက် | ၀ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၁ | ဂျီရိုနာ |
| မာယော့ကာ | ၂ | - | ၁ | အက်စ်ပန်ညို |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၀ | ဘီလ်ဘာအို |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | အေတီကို |
| ဂီတာဖေး | ၂ | - | ၁ | အေတီကို |
| အေတီကို | ၁ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| အေတီကို | ၂ | - | ၄ | ဘာစီလိုနာ |

### ကိုမိုအသင်းကို ရွေးချယ်ရမှာပါ

အီတလီစီးရီးအေ ပွဲစဉ် (၃၀) မှာအကြိုက်တွေ့မိတာကတော့ ကိုမိုအသင်းနဲ့ အမ်ပိုလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ကိုမိုအသင်းဟာ နည်းပြ ဖာဘရီဂတ်လက်ထက်မှာ အတွေ့အကြုံရှိတဲ့ ကစားသမားတွေကို ခေါ်ယူနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းကောင်းခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပွဲစဉ်၂၉ ပွဲအပြီးမှာ ရမှတ် ၂၉ မှတ်ရခဲ့တာကြောင့် အဆင့်(၁၃) မှာရှိနေပြီး တန်းဆင်းဇုန်က အမ်ပိုလီအသင်းနဲ့ ရမှတ် ခုနစ်မှတ်ထိ ကွာဟနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ ဖီအိုရင်တီးနား၊ နာပိုလီတို့ကိုနိုင်ပွဲရခဲ့ပြီး ဗီနီဇီယာကိုသရေနဲ့ အေစီမီလန်၊ ရိုးမားတို့ကိုသာရှုံးခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် အားရစရာကောင်းပါတယ်။ ဒါကြောင့် ကိုမိုအနေနဲ့ ပြီးခဲ့တဲ့ပွဲတွေက ခြေစွမ်းအတိုင်းကစားနိုင်မယ်ဆိုရင် အခုပွဲမှာ အမ်ပိုလီအသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။

အမ်ပိုလီအသင်းဟာ အခုပြိုင်ပွဲမှာ ခြေစွမ်းပိုင်းအားနည်းချက်ရှိနေတာကြောင့်ရမှတ် ၂၂မှတ်နဲ့ တန်းဆင်းဇုန်ထဲ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၃-၄-၂-၁ ကစားကွက်နဲ့ ကွင်းလယ်အသားပေး ကစားနေပေမဲ့ တောင်ပံတိုက်စစ်အားကောင်းတဲ့ အသင်းတွေနဲ့ဆို ပေးဂိုးများခဲ့ပြီး အမှတ်ပေးပွဲ ၂၀ ထိ ခံစစ်ပိုင်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ အဓိက ကစားသမားတွေအပါအဝင် ကစားသမား ခြောက်ယောက်ထိ ဒဏ်ရာရနေတာကြောင့် ကိုမိုကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့မဖြစ်နိုင်ပါဘူး။ ပထမအကျော့ တွေ့ဆုံမှုမှာတော့ အမ်ပိုလီက အိမ်ကွင်းမှာ ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ပေမဲ့ အဲဒီအချိန်မှာ ကိုမိုအနေနဲ့ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရဆဲဖြစ်လို့ နိုင်ပွဲရခဲ့တယ်လို့ ဆိုရမှာပါ။ အမ်ပိုလီဟာ အခုရာသီအဝေးကွင်း ၁၅ ပွဲမှာ နိုင်ပွဲသုံးပွဲသာရခဲ့ပြီး သူတို့အသင်းအနိုင်ရခဲ့တာကလဲ ခြေရည်တူအသင်းတွေ များနေတာကြောင့် အခုပွဲမှာ ကိုမိုအသင်းကို ထိန်းချုပ်ဖို့အခက်တွေ့မှာ သေချာပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းကျဆင်းနေပြီး တိုက်စစ်ပိုင်းဂိုးရဖို့ ရုန်းကန်နေရတဲ့ အမ်ပိုလီအသင်းကို တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ကိုမိုအသင်း ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ သေချာနေလို့ ကိုမိုကိုအသင်းကို ရွေးချယ်ရမှာပါ။

**ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၀ | - | ၂ | ကိုမို |
| ကိုမို | ၂ | - | ၁ | နာပိုလီ |
| ရိုးမား | ၂ | - | ၁ | ကိုမို |
| ကိုမို | ၁ | - | ၁ | ဗီနီဇီယာ |
| အေစီမီလန် | ၂ | - | ၁ | ကိုမို |

**အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၅ | အတ္တလန်တာ |
| ဂျူဗင်တပ် | ၁ | - | ၁ | အမ်ပိုလီ |
| ဂျီနိုအာ | ၁ | - | ၁ | အမ်ပိုလီ |
| အမ်ပိုလီ | ၀ | - | ၁ | ရိုးမား |
| တိုရီနို | ၁ | - | ၀ | အမ်ပိုလီ |

### ဝုဖ်ဘတ်အသင်းနဲ့လက်တွဲရမှာပါ

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် ၂၆ မှာ အကြိုက်တွေ့တာကတော့ ဝုဖ်ဘတ်အသင်းနဲ့ ဟီဒန်ဟိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ ဝုဖ်ဘတ်က အဝေးကွင်းကနေ တန်ပြန်တိုက်စစ်နဲ့ ကစားခဲ့ပြီး ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတွေ လုပ်နိုင်ခဲ့တာကြောင့် သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၆ ပွဲအပြီးမှာ ရမှတ် ၃၈ မှတ်ထိရခဲ့တာကြောင့် တန်းမဆင်းရတော့ပေမဲ့ ဥရောပဝင်ခွင့်ရဖို့အတွက်တော့ ရမှတ်လိုအပ်ချက်ရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကြောင့် ဥရောပဝင်ခွင့်ရဖို့ လာမဲ့ပွဲတွေမှာ အမှားခံလို့မရတော့တာကို တွေ့ရမှာပါ။ နည်းပြ ဟက်ဆန်ဟတ်ကတော့ ၄-၃-၃-ကစားကွက်နဲ့ တိုက်စစ်အသားပေးကစားနေပေမဲ့ ခံစစ်ပိုင်းကလဲ ဟာကွက်မရှိတာကြောင့် နောက်ဆုံးငါးပွဲမှာ ငါးဂိုးသာ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဟီဒန်ဟိမ်းနဲ့ တွေ့ဆုံမှု ငါးကြိမ်မှာလဲ လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဟီဒန်ဟိမ်းကို ဖိအားပေးနိုင်မှာပါ။

ဟီဒန်ဟိမ်းအသင်းဟာ ပြီးခဲ့တဲ့နှစ်မှာ လာလီဂါကို တန်းတက်လာခဲ့ပြီး အသင်းလိုက်ကစားပုံကောင်းခဲ့တာကြောင့် ဘောလုံးရာသီကုန်ဆုံးချိန်မှာ အဆင့်(၈) နေရာထိရောက်ခဲ့ပြီး ဥရောပပြိုင်ပွဲ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုနှစ်ပြိုင်ပွဲမှာ ခြေစွမ်းပြကစားသမား ဖြည့်တင်းနိုင်မှုမရှိဘဲ အသင်းက အဓိက ကစားသမားအချို့ကို လက်လွှတ်ခဲ့ရလို့ ကစားပုံကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ၂၆ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ ၁၇ ပွဲရှုံးခဲ့တာကြောင့် ရမှတ် ၁၉ မှတ်သာရခဲ့ပြီး အဆင့် (၁၇) နေရာနဲ့ တန်းဆင်းရဖို့ နီးစပ်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ တန်းဆင်းဇုန်က လွတ်ဖို့ နောက်ပိုင်းပွဲတွေမှာ အစွမ်းကုန်ကြိုးစားခဲ့ပေမဲ့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်သာ ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းမှာ ဝုဖ်ဘတ်နည်းပြ ဟက်ဆန်ဟတ်ကပိုကောင်းနေသလို ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာလဲ ဟီဒန်ဟိမ်းထက် သာနေတာကြောင့် ဝုဖ်ဘတ်အသင်းနဲ့ လက်တွဲရမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၁ | - | ၁ | ဘိုချမ် |
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဝုဖ်ဘတ် |
| ဝါဒါဘရီမင် | ၁ | - | ၂ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၁ | စိန့်ပေါ်လီ |
| အော့စ်ဘတ် | ၁ | - | ၀ | ဝုဖ်ဘတ် |

**ဟီဒန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟီဒန်ဟိမ်း | ၁ | - | ၃ | ကိုပင်ဟောဂင် |
| လိုက်ပ်ဇစ် | ၂ | - | ၂ | ဟီဒန်ဟိမ်း |
| ဟီဒန်ဟိမ်း | ၀ | - | ၃ | ဂလာဘတ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | ဟီဒန်ဟိမ်း |
| ဟီဒန်ဟိမ်း | ၃ | - | ၁ | ဟိုစတိန်း |

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

ခန်းမလူဝင်ဆံ့မှုလူဦးရေ(၁၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခမ်းအနားများနှင့်ပျော်ပွဲရွှင်ပွဲများအတွက်
လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။

"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"
ရတနာပုံ ခန်းမ

Exhibition Vanue Award

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ဈေးရောင်းပွဲတော်များ၊
အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း- ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။





သဘာဝအရသာစစ်စစ် အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး

Black Tea

Tea Mix

Lemon Tea

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





5 Digits Online Lottery

(၁၁)ကြိမ်မြောက် 5 Digits
အောင်ဘာလေအွန်လိုင်းထီ လက်မှတ်များကို
မတ်လ(၁၆)ရက်နေ့မှ (၃၁) ရက်နေ့အထိ
စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!

Scan Me

Call Center 777 (or)
09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။



## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပိုးတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇)၊ အကွက်အမည် **နန်းတော်ရာ**ကွင်း၊ ဦးပိုင်အမှတ်(**၁၃/၁**)၊ ဧရိယာ(**၀.၀၇၈**)ဧကရှိသည့်အနက်မှ ဧရိယာ(**၀.၀၅၃**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်-၁၃/၁ ကျန်မြေ |
| (ခ) | အနောက်လားသော် | - | လမ်း |
| (ဂ) | တောင်လားသော် | - | ဦးပိုင်အမှတ်-၁၃/၂ |
| (ဃ) | မြောက်လားသော် | - | လမ်း |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးကျော်စွာလင်း၊ ဒေါ်ပျိုးပျိုးခင်**တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၅)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက် မင်းရဲကျော်စွာလမ်းနေ ဦးဝင်းသူ(၉/စကတ(နိုင်)၀၆၉၃၁၈)၏သမီးဖြစ်သူ မဇင်မျိုးသူ(၉/စကတ(နိုင်)၁၀၈၈၁၂)သည် မိဘများ၏ ဆိုဆုံးမမှုအားနာခံမှုမရှိသဖြင့် ၎င်းအား သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး၊ လူမှုရေးအဝဝနှင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းသူ(၉/စကတ(နိုင်)၀၆၉၃၁၈)**
**ရန်အောင်မြင်ရပ်ကွက်၊ စဉ့်ကိုင်မြို့။**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမား အကြမ်းဖက်များပင်ဖြစ်...

❖ အခြားဒေသတွင် နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်း မရှိ...

❖ ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ်...

❖ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု



နေပြည်တော် မတ် ၂၇

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၃၁၄၆၉ ဗိုလ်ချုပ်အောင်နေမျိုး၏ ဇနီး ဒေါ်မေနွယ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

